တပေမိမာန်တမှူဆုရ

# အိပ်မက်တစ်ရာ

ကဗျာများ

ဟောင်ဟန်တင့်၊ ပင်လည်ဘူး၊



၂၀၀၇ ခုနှစ်၊ စာပေဗိမာန်စာမူဆု
ကဗျာပေါင်းချုပ် ပထမဆုရ

# ကဗျာများ

## မောင်ဟန်တင့် - ပင်လည်ဘူး

တည်းဖြတ်စီစဉ်သူ - ဦးစန်းတင့် (တက္ကသိုလ် ဆန်းတင့်နိုင်)
စာတည်း (တာဝန်ခံ)

အဖုံးပန်းချီ - ညီညီ

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၁၀ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ-၅၀၀

တန်ဖိုး (          ) ကျပ်

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေဗိမာန် စာတည်းမှူးချုပ်က
မှတ်ပုံတင်အမှတ် ၀၇၄၉၂ ဖြင့် ပုံနှိပ်၍
မှတ်ပုံတင်အမှတ် ၀၃၉၁၁ ဖြင့်ထုတ်ဝေသည်။

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး .... ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး .... ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး .... ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မာတိကာ


| စဉ် | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၁။ | ကဗျာဖြင့် ရှင်သန်ခြင်း | ၁ |
| ၂။ | နေခြင်းရေသ | ၃ |
| ၃။ | ပန်းပကာတိ | ၅ |
| ၄။ | ပွင့်သစ်မြဲ အလှဥယျာဉ်မှူး | ၇ |
| ၅။ | မောတောင်တန်းက ရှမ်းပွဲတော် | ၉ |
| ၆။ | မဟူရာအလှနဲ့ ညအလင်္ကာ | ၁၁ |
| ၇။ | အိပ်မက်တစ်ရာ (၁) | ၁၃ |
| ၈။ | လွတ်လပ်ပန်းမှန် တို့တာဝန် | ၁၅ |
| ၉။ | တို့နိုင်ငံ | ၁၆ |
| ၁၀။ | မြစ်တစ်စင်းရဲ့ ဂီတ | ၁၇ |
| ၁၁။ | ကဗျာချစ်သူ | ၂၀ |
| ၁၂။ | အလင်းရှာ စာကြည့်တိုက် | ၂၂ |
| ၁၃။ | မိဘတို့ဝန် မေတ္တာမှန် | ၂၄ |
| ၁၄။ | ရာဇကုမာရ်နှင့် ကျွန်တော် | ၂၆ |
| ၁၅။ | ပင်လည်ဘူးမြို့မှ ကြိုဆိုပါ၏ | ၂၈ |
| ၁၆။ | စော်ဘွားစေတီတော် ခြေရင်း၌ | ၃၀ |
| ၁၇။ | အမေမရှိမှ | ၃၂ |

| စဉ် | ခေါင်းစဉ် | စာမျက်နှာ |
| --- | --- | --- |
| ၁၈။ | တစ်မြစ် | ၃၄ |
| ၁၉။ | အိပ်မက်တစ်ရာ (၂) | ၃၆ |
| ၂၀။ | ဧည့်သည် သုံးယောက် | ၃၇ |
| ၂၁။ | ရှက်ပြုံး | ၃၉ |
| ၂၂။ | မဟာသုခဲ့ကောင်း | ၄၁ |
| ၂၃။ | ဝန်းသိုစော်ဘွား ဦးအောင်မြတ် | ၄၃ |
| ၂၄။ | ဆည်းဆာအိမ်မှ မိန့်ဖ | ၄၅ |
| ၂၅။ | အရိပ် | ၄၇ |
| ၂၆။ | တောင်ပေါ်လမ်းရဲ့ လွမ်းလက်ဆောင် | ၄၈ |
| ၂၇။ | ဂုတ်တွင်း | ၅၀ |
| ၂၈။ | ဟေမန္တရဲ့ ကကြိုးကာရာ | ၅၂ |
| ၂၉။ | အိပ်မက်တစ်ရာ (၃) | ၅၄ |
| ၃၀။ | အလွမ်း | ၅၅ |
| ၃၁။ | အမာရွတ် | ၅၇ |
| ၃၂။ | ကြွေပျက်သွားသော အလင်းတစ်စ | ၅၈ |
| ၃၃။ | အတိတ်လွမ်း | ၆၀ |
| ၃၄။ | မှုဆယ် | ၆၁ |
| ၃၅။ | ဂွင်အမေ | ၆၃ |
| ၃၆။ | မကြာမြို | ၆၆ |
| ၃၇။ | မေတ္တာလှိုင်း | ၆၉ |
| ၃၈။ | အိပ်မက်တစ်ရာ (၄) | ၇၁ |
| ၃၉။ | မဖိတ်မသုန် | ၇၂ |
| ၄၀။ | ရေချမ်းစင် | ၇၃ |
| ၄၁။ | ရှင်သန်ခြင်း ဒဿန | ၇၅ |

| စဉ် | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၄၂။ | စည်းခြားခံရသော အတ္တ | ၇၆ |
| ၄၃။ | သူ့အပြုံး | ၇၈ |
| ၄၄။ | မာယာ | ၇၉ |
| ၄၅။ | အရိပ်အယောင် | ၈၀ |
| ၄၆။ | နွေအလင်း | ၈၁ |
| ၄၇။ | ကဗျာဆရာ၏ ဝေဒနာ | ၈၂ |
| ၄၈။ | ဖြစ်တည်မှု | ၈၄ |
| ၄၉။ | မှုလက်ဆောင် | ၈၅ |
| ၅၀။ | နွေကို ဆေးကြောခြင်း | ၈၆ |
| ၅၁။ | တစ်ခုသော ပန်းဥယျာဉ် | ၈၈ |
| ၅၂။ | ကြိမ်ပုခက်ကလေး | ၈၉ |
| ၅၃။ | အခန်းဆက်ည | ၉၁ |
| ၅၄။ | ဆရာ | ၉၄ |
| ၅၅။ | သမိုင်းပုံတင်သံ | ၉၅ |
| ၅၆။ | ကမ္ဗည်း | ၉၇ |
| ၅၇။ | မျိုးဖျက်ရန်သူ | ၉၈ |
| ၅၈။ | ရှင်သန်ခြင်း မျက်နှာ | ၉၉ |
| ၅၉။ | ဘဏ္ဍာတိယ အလွမ်း | ၁၀၀ |
| ၆၀။ | ဣန္ဒြေ | ၁၀၂ |
| ၆၁။ | ကဗျာဆရာတစ်ယောက်၏ ဖြောင့်ချက် | ၁၀၄ |
| ၆၂။ | အိပ်မက်တစ်ရာ (၅) | ၁၀၆ |
| ၆၃။ | သက်သေ | ၁၀၇ |
| ၆၄။ | မှတ်သုံ့ခေါ်သံ | ၁၀၈ |
| ၆၅။ | မောင်ကောက် | ၁၀၉ |

| စဉ် | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၆၆။ | အရှိတရား | ၁၁၁ |
| ၆၇။ | လျှောက်လှမ်းရှင်သန် ဘဝမှန် | ၁၁၂ |
| ၆၈။ | ချစ်သောကဗျာ | ၁၁၄ |
| ၆၉။ | ရေခံမြေခံ ဘဝမှန် | ၁၁၅ |
| ၇၀။ | အိမ်မက်တစ်ရာ ရွှေကဗျာ | ၁၁၆ |

# ကဗျာဖြင့် ရှင်သန်ခြင်း

တစ်ခါ တစ်ခါ
ရင်ထဲမှာ သောက။
ကဗျာဆို ချိုတဲ့တေးကြောင့်
နွေးထွေးရွှင်ပျ။

တစ်ခါ တစ်ခါ
ရင်ထဲမှာ ဒေါသ။
ကဗျာဆို ချိုလွင်တေးကြောင့်
ငြိမ်းအေး ကြည်မြ။

တစ်ခါ တစ်ခါ
ရင်ထဲမှာ အလွမ်းစ။
ကဗျာဆို တေးချိုလှစ်တော့
နှစ်သိမ့်ပါရ။

ခါတစ်ခါ တစ်ကိုယ်တည်း
အထီးကျန် သစ်ငုတ်တို။
ရင်ထဲမှာ ဒဏ်ရာရ
စိတ်က ညီညီ။

ကဗျာတေး ချိုချို
ဆိုပါရ ခဏတွင်။
နွှေမပီ အလှတောမှာ
နေမတည် ဘဝအမောရယ်တို့
လျှောကျ ချက်ချင်း။ ။

❖ ❖ ❖ ❖

# နေခြင်းရသ

နေကလည်းနေ
အပူဝေမှု၊ သူခြွေချလျက်။

နေမင်းတစ်ဆူ၊ လေပြင်းပူ၏
ပူလောင်ခြင်းမှာ၊ မွှေတာမို့
ပူပါဘိခြင်း။ ညည်းညူရှင်းလည်း
နေမင်းသူ့ကို၊ ပြစ်မဆို။

လကလည်းလ
ရွှန်းမြအလင်း၊ ထွန်းပဝင်းလျက်။

လမင်းချိုမြ၊ အပျိုမနယ်
ပြုံးစနေတွေ။ ချမ်းမြအေး၏
အေးချမ်းခြင်းလျှင်၊ သူ့ရုပ်သွင်မို့
ကြည်လင်ဘိခြင်း။ တေးဖွဲ့ရှင်းလည်း
လမင်းသူ့ကို၊ ချစ်မပို။

နေနှယ်လနှယ်၊ အမြစ်တွယ်လျက်
ရစ်နွယ်ယှက်ဖြာ၊ နေခဲ့ကြပြီ

ကမ္ဘာဘဒ္ဒ၊ သည်လောကဝယ်
ဘဝကိုဖြည့်၊ အသိကိုဖွေ
သတိစေသော်
နေခြင်းရသ၊ တဒင်္ဂ
အလှမြင်ခဲ့ ပါလေပြီ။ ။

❖ ❖ ❖ ❖

# ပန်းပကာတိ

❧ သမီးလေး ဖြူဖြာ
မူရာက ကြည်အေး။
တီတာတာ ခွန်းနှဲ့လို့
ညွန်းဖွဲ့တတ်သေး။

❧ သမီးလေး ချစ်စဖွယ်
ရစ်တွယ်လို့ နိုစီး။
မွှန်နံ့သာ ချွေးမစို့
မွှေးလို့ မငြီး။

❧ သမီးလေး ရှစွာစွာ
ပူဆာတဲ့ နှုတ်ခမ်း။
ဖော့ရင်ခွင် အတင်းဝေ့
ငြင်း၍ မစွမ်း။

❧ အဖေ့မှာ ခေါင်းကုတ်လို့
ပေါင်းအနုတ် ဝေဒနာ။
စားဝတ်နေ အဖြေထုတ်
ဘဝပုစ္ဆာ။

သမီးလေး ဖြူဖြူ
သူဘာမှ မသိ။
သူ့အသွင် ဖြူစင်လန်း
ပန်းပကတိ။ ။

# ပွင့်သစ်မြ အလှဥယျာဉ်မှူး

❧ နာဂတောင်တန်း၊ တောင်ပေါ်လမ်းဟာ
ပင်ပန်းဆင်းရဲ လွန်ခက်ခဲသတဲ့။

❧ အဆင်းလည်းခက်၊ အတက်လည်းကြမ်း
တမွှမ်းနယ်နယ်၊ စိတ်အားငယ်သတဲ့။

❧ ကြည့်လေရာရာ၊ တောင်တန်းပြာနဲ့
ရင်မှာ ငွေ့ငွေ့၊ အလွမ်းဝေ့သတဲ့။

❧ မျှော်လေရာတိုင်း၊ တိမ်တွေဆိုင်းလို့
ရင်လှိုင်းလှုပ်ခါ၊ လွမ်းရိပ်ပြာသတဲ့။

❧ သူငယ်ချင်း
မင်းရေးတဲ့စာ၊ ဖတ်ရပါသည်
နာဂတောင်တန်း၊ ခရီးကြမ်းနှင့်
ဟိုလွမ်းသည်လွမ်း၊ မင့်အလွမ်း။

၉/ သူငယ်ချင်း
မင်းရေးတဲ့စာ၊ ငါဖတ်ပါရင်း
ရင်မှာအကြင်နာ၊ ကိုယ်ချင်းစာ၏
နာဂတောင်တန်း။ စာသင်ခန်းဝယ်
လွမ်းရပ်ကိုဖယ်၊ ပြုံးရိပ်သွယ်လျက်
နနယ်ပျိုးမျှစ်၊ ဖူးပုရစ်တို့
ပွင့်သစ်လေအောင်၊ မွေးစေအောင်ဟု
မျိုးထောင်ကြည်နူး။ ဥယျာဉ်မှူးအလုပ်
မင်းဘဝတွက်
ရင်မှ လိုက်တုန်၊ ပီတိဟုန်ဖြင့်
ဂုဏ်ယူပါတယ် သူငယ်ချင်း။ ။

[မောင်လွန်းမြင့်(ပင်လယ်ဘူး)သို့]

❖ ❖ ❖ ❖

# မောတောင်တန်းက ရှမ်းပွဲတော်

ပေထုံထုံ မြေတုန်စောင်းစေတော့
"နောင်းပေနောင်း" စီစီညံ
ရှမ်းအိုးစည်သံ။
စည်းချက်နဲ့ တီးလက်မှန်
လွှင့်ပျံ့လို့ ကြည်မြ။
ရှမ်းတိုက်ပုံ ဘောင်းဘီပွနဲ့
ချွေးကျချင်ကျ။

ရှမ်းပျိုမြူး မူရာနဲ့
ပျူငှာတဲ့ မျက်နှာ။
ညီတညာ ကြည်သာတိမ်း
ယိမ်းက လျက်ပါ။
ချစ်စဖွယ့် ရိုးရာ
ရင်မှာတဲ့ ပီတိ။
ချစ်ခင်စွာ နှစ်ဝင်နဲ့
ခွဲတာပြီပြီ။

ဪ ရှမ်းရိုးရာ စားနပ်လက်နဲ့
သိုင်းကွက်နင်း ခက်ထန်ထန်
သိုင်းကတဲ့ဟန်။
ဇာတိသွေး ဇာတိမာန်
နိုင်ငံရဲ့ ဂုဏ်ခြင်္ခြင်။
အမျိုးဂုဏ် ဘယ်မစောင်းအောင်
ထိန်းကျောင်း တည့်မတ်။

ဪ လနတ်တော် သည်ချိန်ဆန်းရင်ဖြင့်
ရှမ်းပွဲနေ့ တူပျော်ပျော်
ကျင်းပပွဲတော်။
အေးမြတဲ့ တောင်ပေါ်
ငါခေါ်တော့ သူထူ။
တိုင်းရင်းသည်မှာ
ရိုင်းပင်း ညီတညာနဲ့
ကြည်သာသာ တောင်ပေါ်ပန်းရယ်တို့
နီပြာဝါ ရောင်စုံလန်းလို့ရယ်
ချမ်းမြကြည်နူး။ ။

[မှုဆယ် ရှမ်းပွဲနေ့သို့ အမှတ်တရ]

❖ ❖ ❖ ❖

# မဟူရာအလှနဲ့ ညအလင်္ကာ

၍ နေခါနေမင်း။ ရွှေပြတင်းမှ
အလင်းတစ်စ၊ သွန်ကြဲချပြီး
ညခါပုန်းအိပ်၊ တံခါးပိတ်၏။

၍ နေ့တံခါးပိတ်၊ သူပုန်းအိပ်ချိန်
မှိတ်တုတ်သွယ်လင်း။ ကြယ်တစ်သင်းတို့
ညခင်းမျက်ရှု စိန်လည်ဆွဲလို
သီတွဲလှုပ်ခတ်၊ တဖျပ်ဖျပ်။

၍ တစ်ရံတစ်ခါ။ ဝတ်ရုံပြာနှင့်
မျက်နှာဝင့်ထည်၊ လမင်းငယ်လေး
အလည်အပတ်၊ ရောက်လာတတ်၏။

၍ တစ်ခါတလေ၊ တိမ်တစ္ဆေက
ငွေလမင်းလေး။ ကြောက်လန့်ပြေးအောင်
မျက်မှေးလျှာထုတ်၊ မှန်ကုပ်ကုပ်ဖြင့်
မည်းပုပ်တိမ်ကြား။ ဝှက်ကာစား၏။

တစ်ရံတစ်ည
လမင်းနယ်ကူး၊ အလည်ကျူးချိန်
မှုန်ကြယ်စ၊ အမှောင်ကျလျက်
ပိုညချုန်းချုန်း၊ အမှောင်ဆုံးဝယ်
ပိုးစုန်းကြူးလက်၊ တအားတက်ဖွယ်
ပြိုးပြက်ရဲရဲ အမှောင်ခွဲ၏။

နေမရှိလည်း
ညဏ်ဖော်ချင်း၊ ကြယ်တစ်သင်းနှင့်
လမင်းပွင့်ဦး၊ ပိုးစုန်းကြူးတို့
ထူးခြားညင်သာ၊ အလင်္ကာဖြင့်
တန်ဆာဆင်ခဲ့ ကြလေပြီ။ ။

# အိပ်မက်တစ်ရာ (၁)

- အိပ်မက်က တစ်ရာ
  ကဗျာမှာ တစ်ပါဒ။

- ပွင့်ကာရန် သီ့မစွမ်းနိုင်ဘူ
  ပန်းတဲ့ ဘဝ။ ။

# လွှတ်လပ်ပန်းမွှန် တို့တာဝန်

ရှုံးနိမ့်မှုမှ
မှုံမိုက်လွှမ်းသက်၊ ခြောက်အိပ်မက်နှင့်
မျက်ရည်ဝဲရင်း၊ အောင်နိုင်ခြင်းကို
ပြင်းပြင်းပြပြ သတိရ၏။

ကြောက်ခဲ့မှုမှ
လူးလွန့်ရော်ရမ်း၊ ပင့်သက်မွှန်းနှင့်
လွှမ်းမှုင့် ခြွေရင်း၊ ချမ်းမြေ့ခြင်းကို
ရင်တွင်း တ,သ၊ သတိရ၏။

ငတ်မွတ်မှုမှ
ရှငန်းလန့်ကြောက်၊ မျက်တွင်းပေါက်နှင့်
ဆောက်တည်မဲ့ရင်း၊ ဝပြောခြင်းကို
ရင်တွင်းတောင့်တ၊ သတိရ၏။

တို့မြန်မာလျှင်
တစ်ခါရှေးက၊ ကျွန်ဘဝဟု
သွေးခမြေလူး ကြုံရဖူးပြီ

ရှုန်စ်မြဲမြဲ ဇာတိမာန်ဖြင့်
သွေးသံသက်နှင်း။ သတိတင်းမှ
ကိုယ့်မင်းကိုယ့်ဌာန်၊ ကိုယ့်နိုင်ငံဟု
ရှင်သန်တည်တံ့၊ အရှည်ခန့်ကာ
ကြံ့ခိုင်ယုံ့မှတ်၊ ဂုဏ်ဖြိုးနှင့်
လွတ်လပ်အစဉ် ရှိလိမ့်တကား။ ။

❖ ❖ ❖ ❖

# တို့နိုင်ငံ

✒ မြန်မာပြည်ဟာ
ရှည်ခဲ့အစွန်း၊ ထွန့်ခဲ့အလံ
ဇာတိမာန်နှင့်
နိုင်ငံတည်ဆောက် ခဲ့ကြပြီ။

✒ မြန်မာမျိုးဟာ
ထိုးခဲ့မော်ကွန်း။ ထွန်းခဲ့မာန်ဟုန်
ဇာတိဂုဏ်နှင့်
ယုံကြည်နိုင်မြဲ ခဲ့ကြပြီ။

✒ ချစ်ကြိုးမွှဲနှောင်၊ တို့ပြည်ထောင်တည့်
နောင်လည်းအတူ၊ ညီလည်းကူကာ
ကြည်ဖြူနှိမ်စိတ်၊ ရည်တူဟိတ်ဖြင့်
တစ်ကျိတ်တစ်ခဲ၊ တစ်စိတ်ထဲလျှင်
ဌွဲဝင့်မာန်ချီ တွဲလက်ညီသော်
ဤမြေဤရွာ၊ "ပြည်မြန်မာ" ဟု
သံဝါခန့်ကျန်း။ ပုံတင်လွှမ်းလျက်
ဥဒါန်းကျူးနိုင် ကြမည်ပါတကား။ ။

# မြစ်တစ်စင်းရဲ့ ဂီတ

မမြင်မှူး မှူးမြစ်ထင်။
စီးလာတဲ့ ချောင်းကလေး
စိမ့်အေးကြည်လင်။
"မှူးမြစ်" လို့ ခေါ်တွင်
အမြင်မှာ ငယ်သန့်။
တောလျှိုမြောင် တောင်ချိုင့်ဝှမ်း
သွယ့်လည်းပါကွဲ့။

ကနန်းမြေ "ရွှေကျောင်း*" က
ရေကြောင်းစ မြစ်များခဲ
ဘူမိနက်သန့်။
မိုးများတော့ ရေလျှံ
ဒေါ်ထန်တဲ့ မြစ်ကလေး။
ကြောက်စရာ မာန်အရှိန်နဲ့
လှိုင်းထတတ်သေး။

ကနန်းမြေ ယာလုပ်သားတို့
ဝါးခုတ်လို့ ဖောင်ဖွဲ့ယူ။

မှုးမြစ်ငယ် သူ့ရေစီးမှာ
ခရီးတူတူ။
နွမ်းပါးလို့ မညည်းညူ။
ဖြူစင်တဲ့ ဘဝ။
မှုးမြစ်ရေ ဘယ်မခန်း
ကနန်းအလှ။

၍ ဆောင်းအဝင် ရေကျတော့
မြေခွလို့ ထွန်ရေးငင်။
သဲသောင်ခုံ မြေအနုမှာ
ရွှေညမယ့်သွင်။
စိုက်ပျိုးကြ စုံအလင်
ခုံမင်လို့ ကြည်နူး။
မှုးမြစ်ငယ် အကျိုးပြု
သူ့ရဲ့ကျေးဇူး။

၍ ကနန်းမြေ ဟိုအဝေးက
မြစ်ကလေး ခပ်ငယ်ငယ်။
သူ့ရေလျှင် သူ့ရေကြော
စီးမျောယှက်သွယ်။
မြင်မှုမှ ပုံစွယ်

ပယ်သော်လည်း လှပါ၏။
သူ့ဂုဏ်အင် သူ့သမိုင်း
တိုင်းသိ ပြည်သိ။ ။

* မူမြစ်ဖျားခံရာ "ရွှေကျောင်းရှာ"

❖ ❖ ❖ ❖

# ကဗျာချစ်သူ

ရင်ထဲမှာလှိုင်း။ ရစ်သိုင်းဖွဲ့လာ
ကဗျာလှေကလေး။ ဝေးဝေးသို့စွာ
ရွက်လွှင့်ညင်သာ၊ အဏ္ဏဝါခရီး
ညှင်းသွဲ့လေပြေ(ပြည်)၊ တေးနွဲ့ဝေ
ခွန်းခြွေသီဖွဲ့ ညည်းသည်နှင့်လေး။

တိမ်ပြာနီစီး၊ ခရီးဝေဟင်
ကဗျာငှက်ကလေး။ မြကျေးတမာသွင်
သီကျူးသံစဉ်၊ ရင်မှာ ဖွဲ့မျိုး
ဝေ့ဝဲမြူးပျံ၊ မိုးထက်ယံ
တောင်ပံရိုက်ခတ် နှိုးသည်နှင့်လေး။

ရင်ထဲမှာမိုး၊ ဖြိုးဖြောက်ရွာစွေ
ကဗျာပွင့်ဦး၊ ဖူးသစ်ငုံစီဝေ
မိုးစက်တင်လေး၊ ပြေစင်သွန်ကြဲ
စိမ်းရွက်ရိုးတံ၊ လူးလွန့်ပျံ့
ရန်းကန်ရှင်သန် ရဲသည်နှင့်လေး။

ရင်မြေလွှာထဲ၊ ဖြန့်ကြဲဝတ်မှုန်
ကဗျာပန်းခင်း။ သင်းမြဝတ်ရည်နှံ့
မွှေးရနံ့တုံ၊ ရောင်စုံ ဝင့်မြူး
အလှစီခြယ်၊ ပန်းပင်လယ်
ဘယ်ညာယိမ်းနွဲ့ လူးသည့်နှင့်လေ။

အလင်္ကာဖူးလွှ တဆို နှစ်သက်ရည်။
ရင်မှာ အရေးတမျှ ကဗျာကို ချစ်မက်သည်။ ။

❖ ❖ ❖ ❖

# အလင်းရှာ စာကြည့်တိုက်

၍ ကုက္ကိုပင်ရိပ်၊ ရွာဦးထိပ်
စိတ်လက်ညီတူ၊ ဝိုင်းဝန်းကူ
တိုင်ထူဝါးကပ်၊ ဇလီသတ်
တစ်ထပ်ရိုးရိုး၊ သက်ငယ်မိုး
တင့်နိုးအလှ၊ ကြွရရှ
လောကပြတင်း ဖွင့်လေပြီ။

၍ သေသပ်ညီညာ၊ "အလင်းရှာ"
စာလုံးတံဆိပ်၊ ဆိုင်းဘုတ်ချိတ်
ခေါင်းညိတ်သူငါ၊ ဝိုင်းကြည့်ကာ
ကြည်သာရွှင်ပြုံး၊ တရုန်းရုန်း
စည်းလုံးပျော်ပျော်၊ ကြွားဝင့်မော်
အကျော်တစော ပြောလေပြီ။

၍ သူလည်းစာဖတ်၊ ငါစာဖတ်
ကိုယ်ဖတ်သည့်စာ၊ မမောပါ
ပြောကာဝေငှ၊ အားမရ

လောကကြေးမုံ၊ ဇာတ်လမ်းစုံ
ဖူးငုံရှက်နှံ၊ စာမျက်ရှု
ဥယျာဉ်တံခါး ပွင့်လေပြီ။

၁၅ "အလင်းရှာ"ဒိုပ်၊ တံစက်မြိတ်
စိတ်လက်ကြည်ယုံ၊ တို့နိုလုံ့
ပုံပြင်နိပါတ်၊ ဝတ္ထုဖတ်
သုံးသပ်ပြည့်နှံ၊ အသိမှန်
တွန်းကျူးမှတ်ဆက်၊ "အလင်းငှက်"
ဖြန့်ကြက်တောင်ပံ၊ ဝေ့ဝဲပျံ
မိုးယံသို့ချဉ်း။ တေးသီရင်း
သီချင်းလက်ဆောင် ပါးလေပြီ။ ။

❖ ❖ ❖ ❖

# မိဘတို့ဝန် မေတ္တာမွန်

၍ ငါ့ခြံစည်းရိုး၊ ပေါက်ပျက်ကျိုးသော်
မိုးတိုးမတ်တတ်၊ ဟိုသည်ရပ်လျက်
နိကာပ် သွေ့ရွာ၊ မနေသာပြီ
တာဝန်ငါ့လက် မှာတကား။

၍ ဝင်းခြံစည်းရိုး၊ မြက်ပေါင်းပိတ်သော်
ရိတ်ဖြတ်ထွင်ခုတ်၊ ရှင်းပယ်နုတ်ရ
ငုတ်တုတ်ထိုင်ကာ၊ မနိုင်သာပြီ
တာဝန်ငါ့ကိုယ် မှာတကား။

၍ မိုးကာကျိုးကျဲ မလုံလဲသော်
ရှောင်လွှဲနှုတ်ဆိတ်၊ မျက်စိပိတ်လျက်
တိတ်တိတ်ဝေးရှော၊ မပြောသာပြီ
တာဝန်ငါ့ခေါင်း မှာတကား။

၍ ဖြော် -
တစ်ဒိုးတစ်ဒိမ်၊ မညှိမိုန်အောင်
ချိန်နှင့်အမျှ ဝိရိယနှင့်

ဘဝမြှူမိ၊ ရုန်းခဲ့သိမှ
မိဘတို့ဝန်၊ မေတ္တာမွန်ကို
ကျွန်တော် နားလည်ခဲ့တကား။ ။

❖ ❖ ❖ ❖

# ရာဇကုမာရ်နှင့် ကျွန်တော်

(၁)

ဪ ပုဂံရွှေပြည်
စည်သံလည်းဆိတ်၊ မောင်းသံတိတ်လျက်
စိတ်လက်ညှိုးချုံး ကြိမ်မီးအုံးသို့
နလုံးမြည့်ကျည်း၊ နှိုက်ငိုညည်းကြ
မင်းကြီးကျန်စစ်၊ ပြည်ချစ်ဘုရင်
ရွှေနန်းရှင်လျှင်
နေဝင်လုနီး၊ ရောဂါသည်း၍
ဆည်းဆာတံခါး ရောက်လေပြီ။

ဪ မွေးသဖခင်၊ ကျေးဇူးရှင်ဟု
ရင်နှင့်အမျှ ပူသောကနှင့်
"ရာဇကုမာရ" သားလုသည်းချာ
အလိမ္မာလျှင်၊
သိင်္ဂါရွှေဥ၊ ဆင်းတုတစ်ဆူ
သွန်းတော်မူကာ

လှူဒါန်းအမျှ၊ ရေစက်ချခဲ့
ဖခမည်းတော် ရစေသော်။

(၂)

ဪ "အဖေမဟာ၊ အမြန်လာ"တဲ့
သည်စာကြောနန်း
လှပ်ယမ်းခြွေမှု၊ မိုးကြိုးခသို့
သောကမီးတောင်၊ ပေါက်ကွဲလောင်ပြီ
သားမောင်မျက်ရည်၊ ဖြေမဆည်။

ဪ ကျေးဇူးကြီးလှ၊ အို အဖဟု
တွေးဆလေတိုင်း။ သောကလှိုင်းနှင့်
အရှိုင်းကြမ္မာ၊ မကြံသာလည်း
ရင်မှာ သွန်းထု၊ အနုလင်္ကာ
ဤကဗျာဖြင့်
ခါခါဦးနိုက်၊ ပူဇော်လိုက်၏
သည်းလှိုက်ခြွေဆု၊ သားကောင်းမှုကို
သာဓုသုံးကြိမ် ခေါ်ပါအဖေ။ ။

# ပင်လည်ဘူးမြို့မှ ကြိုဆိုပါ၏

❧ မြို့ကလေး ငယ်ငယ်။
တောလျှိုမြောင် တောင်ချိုင့်ဝှမ်းနဲ့
လမ်းက မလွယ်။
စစ်ကိုင်းတိုင်း အထက်နယ်
ဆက်အသွယ် ခက်ခဲ။
လာလိုလျှင် အနီးကလေး
မဝေးပါဘဲ။

❧ မြို့ကလေး ငယ်ငယ်။
ရှမ်းဗမာ ကတူးကနန်းတို့
ကူးသန်း ရက်ရှယ်။
ပြောလိုက်ရင် "ညယ်"
ဝဲတယ်လို့ ဆိုကြ။
ကိုယ့်ရိုးရာ ကိုယ့်စကားနို့
နားမှာ ချိုမြ။

❧ မြို့ကလေး ငယ်ငယ်။
သာသနာ ရောင်ဝါဝင်း
ထိန်လင်းတဲ့ နယ်။

"ရွှေကျောင်းကြီး" ခုံထည်ထည်
အုံ့စွယ် ဂုဏ်ခြင်း။
ဘုရား အဆူဆူတို့
ကုန်းကမူ မြို့ဝင်ထိပ်မှာ
အေးရိပ်ထင်ဟယ်။

ဪ မြို့ကလေး ငယ်ငယ်။
မှုံမြစ်ငယ် သူ့နှုတ်ခမ်းမှာ
ထိနမ်းကျိုစယ်။
ဆန်စပါး အလှုံ့ပယ်
မုန့်တကယ် ကြွယ်သမို့။
စည်ဖြောသံ မြိုင်မြိုင်ရှိန်း
စည်းလုံးတဲ့မြို့။

ဪ မြို့ကလေး ငယ်ငယ်။
တောဆန်ဆန် တောလေ့နဲ့
တောငွေ့ မပြယ်။
"လာခဲ့ပါ ညယ်"
ညှို့သည်ကို လက်ကြိုကာမ်။
ချောင်ထဲနေပေမယ့်
နှောင်တည်းဝေ အချစ်ပန်းတွေနဲ့
ချမ်းမြမြ လန်း။ ။

# စော်ဘွားစေတီတော် ခြေရင်း၌

၏ "ပင်လည်ဘူး"၏ မြို့ဦးအဝင်
ရှုမြင်မဆုံး၊ အင်တိုင်းကုန်းဝယ်
ထုံးဖွေးဖွေးညီ၊ မွေသရီနှင့်
စေတီတစ်ဆူ ရှိလေသည်။

၏ သည်စေတီကား
စော်ဘွားမည်မှတ်၊ "ဦးအောင်မြတ်"လျှင်
ပန်းကပ်ဒီးလှူ၊ အောင်တော်မူရန်
ကြည်ဖြူစိတ်ညီ၊ နိဗ္ဗာန်ရည်လျက်
တည်ခဲ့ပူဇော်၊ စေတီတော်။

၏ ထီးသုဉ်းနန်းကျ၊ ကျွန်ဘဝတည့်
မခံပြီဘူး၊ သေမထူးဟု
ဦးလည်မသုန်၊ တတိဂုဏ်နှင့်
ပုန်ကန်ထောင်ထား၊ ဝံ့ဝံ့စားခဲ့
စော်ဘွားတနည်၊ ဘာမထီလျှင်
သည်စေတီရိပ်၊ သည်ကုန်းထိပ်၌
နိဗ္ဗာန်ရည်ရှေး၊ မြဲခဲ့မူလိမ့်။

ထီးမဲ့နန်းပျောက်၊ ကျွန်သပေါက်ဟု
မထောက်မထား။ နှားမှာခါးစွ
ဓားဆွဲလုံဝင့်၊ ရင်ကိုဖွင့်ခဲ့
ရဲရင့်မာန်ချီ၊ အာဇာနည်လျှင်
သည်စေတီဦး။ ခြေတော်မှူးနွဲ့
ရှုနှစ်နိုင်မှာ၊ တိုင်တည်ပါရှင်း
သစ္စာထူးထူး။ ဆိုခဲ့မူးလိမ့်။

ကြော်···ဆည်းလည်းသံလွင်၊ တချွင်ချွင်နှင့်
ဆွတ်ကျင်လှိုက်ဖို၊ လွမ်းလိုလိုလျှင်
ဟိုသည်ရော်ရမ်း။ မျှော်ယောင် တမ်းနိုက်
ရွမ်းခဲ့တော်လှန်၊ "ဇာတိမာန်"ဟု
လှိုင်းထန်ရင်တွင်။ ဦးခံတင်းသည်
မြူနှင်းဝေဝေ တစ်ညနေခင်း။ ။

❖ ❖ ❖ ❖

# အမေမရှိမှ

- "နှောင်တ" ဆိုတဲ့ စကား
  မကြားပါရစေနဲ့ အမေ။

- ဘယ်နေရာအိပ် အိပ်
  ဘယ်အရိပ် ခိုခို
  "အမေ" ဆိုတဲ့ ခေါ်သံများ
  ကြားလိုက်စဉ် ရင်မှာနှင့်
  လွမ်းမွှင့်ဝေဝေ။

- ဘယ်လိုဖြေမလဲ အမေ
  ကျွန်တော်လေ အပူသည်ကြီး။

- အမေရှိစဉ်က
  နေမိနေရာ အပျော်အပါးတွေနဲ့
  ပေတီပေကာ မလျော်ကြားသူမို့
  "နားမထောင် သားတစ်ကောင်အမိုက်" ရယ်လို့
  စကားဆောင် ကြားယောင်လိုက်မြန်တော့

သည်းနိုက် အမှန်မြင်ခဲ့
လုံတံကျင် ရင်မှာခွေသည့်နှယ်
(အမေ့သားမှာလေ)
သောကဖိစီး။ ။

# ဇာတ်မြစ်

ဪ နေ့စဉ်ရောက်လာ၊ သတင်းစာကို
လှန်ကာလှောကာ။ ကြည့်လိုက်ပါတိုင်း
ရင်မှာမချို၊ စုတ်သပ်မိ။

ဪ ဘယ်တိုင်းနိုင်ငံ၊ ဘယ်ရပ်ထံမှာ
လုပ်ကြံဖောက်ခွဲ၊ ဗုံးပေါက်ကွဲ၍
သေပွဲဝင်ကြ ရှာသတဲ့။

ဪ ဗုံးဆန်ခဲပတ်၊ ကိုယ်မှာပတ်၍
သတ်ရဲ သေရဲ တမင်ခွဲသတဲ့။
ဗုံးပေါင်းဒါဇင်၊ ကားပေါ်တင်၍
ရုံးပြင်ဈေးနား။ လူအုပ်ကြားမှာ
သားတုံးသွေးစ၊ မွှက်မွှက်ထအောင်
ချေမှုဖောက်ခွဲ၊ လွှင့်ပျံကြသတဲ့။

ဪ ဘုရား ဘုရား။ ဘုရား တ,ရင်း
သက်မခါခါ၊ ပင့်သက်မြှာမိ

ကမ္ဘာသတ္တ၊ သည်လောကဝယ်
လောဘ ဒေါသ၊ မောဟ မွမ်းမံ
"စနက်တံ"နှင့်
ဗုံးဆန်မိုမောက်၊ တောင်လိုပေါက်သည်
ကြောက်ဖွယ်လိလိ ပါတကား။ ။

❖ ❖ ❖ ❖

# ဒိပ်မက်တစ်ရာ (၂)

ဒိပ်မက်က တစ်ရာ။
ကဗျာမှော် ပျော်ရာလမ်းမှာ
တမ်းတခါခါ။

အလွမ်းဖွဲ့ ဝက်ပါ
ဝေဒနာ တစ်မွေ့။

မျက်ကန်းနယ် ဟိုသည်စမ်း
လမ်းတရွေ့ရွေ့။ ။

# ဧည့်သည် သုံးယောက်

၍ မခေါ်ချင်၌
မမြင်ယောင်ယောင်၊ ငါ ဟန်ဆောင်လည်း
ပူလောင်မျက်နှာ၊ ညှိုးငယ်စွာဖြင့်
ဝင်လာရောနော၊ သူဆိုပြော၏
"သောက"မည်သော ဧည့်သည်တစ်ဦး။

၍ မမြင်လို၌
ဟိုသည်ငုံ့တိမ်း၊ ရှောင်ဖယ်ယိမ်းလည်း
သူစိမ်းမဆန်၊ အဖန်ဖန်ပင်
တောင်းပန်ခယ၊ ခြွေလာချ၏
"နောင်တ"မည်သော ဧည့်သည်တစ်ဦး။

၍ မတွေ့လို၌
အိမ်ကိုသော့ခတ်၊ အဆက်ဖြတ်လည်း
မပြတ်လာရောက်၊ တံခါးခေါက်ကာ
ခါခါစုံစမ်း၊ သူမေးမြန်း၏
"အလွမ်း"မည်သော ဧည့်သည်တစ်ဦး။

၅၆ ဧည့်သည်သုံးယောက်၊ ကြိုမထောက်ဘဲ
လာရောက်နိုဝင်
နှင်လည်းမရ၊ တားမရနှင့်
ခထာ ခထာ၊ ပင်ပန်းလှ၏
ဒုက္ခ ဒုက္ခ၊ ငါ့ဘဝ။ ။

❖ ❖ ❖ ❖

# ရက်ပြုံး

နမခင် သွင်အနွဲ့ရယ်က
အလှဆင် ပြင်မတဲ့ရယ်လို့
ယဉ်သွဲ့သွဲ့ မှန်ရှေ့လာ။

မှန်နှံ့သာ ကြာနွယ်လက်ရယ်နဲ့
စုံပဝါ ဖြာသွယ်ခက်ပြန့်တော့
ရက်ယောင်ယောင် မျက်တောင်ခတ်သည်လား
ထပ်ခါခါ ကြည့်မငြီးနိုင်ဘု
နီးတစ်ခါ ခွာတစ်လှည့်ပေပေါ့
လည်ငုံ့ကာ ဘယ်ညာစောင်း
နှောင်းနွဲ့ မူရာ။

ကိုယ့်သဏ္ဍာန် ကိုယ့်မှန်ထဲမှာတော့
ညှို့တမန် ဖျှို့ဟန်စွဲစရာထင့်
အသည်းညှာ ရင်တလှပ်ရယ်ပေါ့
တဖျပ်ဖျပ် တခါခါ
ရင်မှာတဲ့ ခုန်တုန်။

၅၆ "ခက်သေးတယ်နော်
အသက်ကလေး တစ်ဆယ်မကျော်ခင်က
အပျိုဘော် အရွယ်လတ်လိုများ
တို့ဖတ် တကိုင်ကိုင်နဲ့
မှန်ရှေ့ထိုင် စတိုင်ထုတ်တတ်ပေါ့"
ဖျတ်ခနဲ အမေအော်လေမှ
အလိုတော် ရင်တွေထိတ်
ရိပ်ခနဲ ပျာကယာ
မျက်နှာကို လက်ကာဝှက်လို့ရယ်
(သမီးလေ) ရှက်စိတ်နဲ့ပြုံး ။

❖ ❖ ❖ ❖

## မဟာသူ့ရဲကောင်း

၍ သွေးဆိုးညှစ်ထုတ်၊ အမြစ်နုတ်သို့
ယုတ်ညံ့ဝါဒ၊ အစမှုကို
ပယ်ချသန့်စင်၊ လမ်းမှန်မြင်သည်
ရှင်မြတ်အရဟံ ခြေရင်းနှင့်။

၍ ပုဂံအနိုင်၊ တိတ်တသိမ်းကို
ခုတ်ပိုင်းမြေလှန်၊ သွေးသစ်ဖန်သော
နိုင်ငံအလုံး၊ ပီတိဖုံးကြ
ပြုံးတမြမြ နလုံးလှ။

၍ သုံးပုံပိဋကတ်၊ ရွှေကျမ်းမြတ်ကို
ဆည်းကပ်ဆောင်ယူ၊ ပင့်တော်မူသော
ပြည်သူ့ချီးအုံ၊ ရင်ထဲပျံ့လျက်
ခန့်ညားရောင်ရွှေ၊ ထွန်းတောက်ဝေသည်
ထေရဝါဒ၊ မြတ်ဓမ္မ။

၍ နိုင်ငံစည်းရုံး၊ မပေါက်ကျိုးအောင်
သွေးနှီးမာန်ပြင်း၊ ရန်နှိမ်နင်းသော

ရှင်ပဒုမ္မကြောင့်၊ အားစွမ်းတောင့်ခဲ့
မြို့မြောင့်ငြိမ်းချမ်း။ ပြည်လုံးလန်း။

ချောင်းမြစ်ကိုဆည်၊ မြောင်းတို့သွယ်လျက်
လယ်မြေဖွံ့ဖြိုး။ သီးနှံတိုးအောင်
အားကြိုးအင်တိုက်၊ လုံ့လစိုက်သော်
နှစ်မြိုက်ဝင့်ကြွား။ ပုဂံသားတို့
အားရွှင်ကြည်၊ စိတ်ဝမ်းညီး။

"အနော်ရထာ"
နာမထင်ရှား။ နိုင်မတ်မားခဲ့
ရေးဖျားပုဂံ၊ တို့နိုင်ငံဟာ
မြန်မာ့သမိုင်း။ ညွန်းလေတိုင်းလျှင်
လှိုင်းသို့ပြင်းထန်၊ သူ့အားမာန်နှင့်
ရှင်သန်ရိုက်ချန်။ သူ့လက်ရုံးပြင်
နလုံးသန့်စင်၊ သူ့ဂုဏ်အင်တို့
ပုံပြင်မဟုတ်
လှုပ်ရှားမြက်ထင်၊ အသက်ဝင်ဆဲ
တို့ရင်ထဲမှာ၊ သူ့ရုပ်လွှာ
မဟာသူ့ရဲကောင်းတကာ။

❖ ❖ ❖ ❖



## 0e;fo lpfbQ&Qdt rijfrvf

နယ်ခြားကို စိန်ခေါ်
တော်လှန်တဲ့ ယောက်ျား။
သူ့နာမည် ဂုဏ်ခြင်
မြတ်တဲ့ စော်ဘွား။

နယ်ခြားကို အာခံ
စိတ်ဓာတ်က သံမဏိ။
တစ်ပါးကျွန် နွံဘဝ
မခံပြီတည်း။

ကိုယ့်မြေကို ကိုယ်ပိုင်စိုး
မြန်မာမျိုး အာဇာနည်။
ဇာတိမာန် ရဲရဲတောက်
တက်ခေါက် မာန်ချီ။
နေရလည်း မထူးပြီ
သေသည်လည်း တစ်ဘဝ။
နယ်ခြားမာန် သူရိုက်ချိုး
မျိုးဇာတိပြ။

## ဝန်းသိုစော်ဘွား ဦးအောင်မြတ်

၍ နယ်ချဲ့ကို စိန်ခေါ်
တော်လှန်တဲ့ ယောက်ျား။
သူ့နာမည် ဂုဏ်ခြံ
မြတ်တဲ့ စော်ဘွား။

၍ နယ်ချဲ့ကို အာခံ
စိတ်ဓာတ်က သံမဏိ။
တစ်ပါးကျွန် နွံ့ဘဝ
မခံပြီတည်း။

၍ ကိုယ့်မြေကို ကိုယ်ပိုင်စိုး
မြန်မာမျိုး အာဇာနည်။
တတိမာန် ရဲရဲတောက်
တက်ခေါက် မာန်ချီ။
နေရလည်း မထူပြီ
သေသည်လည်း တစ်ဘဝ။
နယ်ချဲ့မာန် သူရိုက်ချိုး
မျိုးတတိပြ။

၍ ကိုယ့်အရှင် ကိုယ့်ကြင်နှမ်း
ကိုယ့်ထီးနန်း ကိုယ်နှလုံး။
တမရှိ သာကီမျိုး
အားကိုး ကြည်ယုံ။
ထမ်းရွက်ခဲ့ ဦးလည်မသုန်
အမျိုးဂုဏ် စောင့်ထိန်း။
တစ်ပါးကျွန် သူ့အရိပ်
စိတ်မျှ မယိမ်း။

၍ အားမတန် မာန်လျှော့
ကျွန်ဖြစ်တော့ ဘယ်မခံ။
နယ်ချဲ့ကို သူရွံ့မုန်း
ရုန်းထွက်ဖိဆန်။
ဒူးမထောက် ညုံ့မခံ
နိုင်ငံသိ သူ့သမိုင်း။
ဇာတိမာန် သူ့မော်ကွန်း
ထွန်းခဲ့နက်ရှိုင်း။ ။

# ဆည်းဆာအိမ်မှ မိနှင့်ဖ

၍ သမီးကြီးက
မနီးရပ်ဝေး။ တစ်နယ်ကျေးမှာ
အေးငြိမ်းပြည့်စုံ။ သူ့ရိပ်မြုံနှင့်။

၍ သမီးလတ်က
မွေးရပ်ခွာယွန်း။ တစ်နယ်ကျွန်းမှာ
ကွန်းခိုပွဲနှောင်၊ သူ့အိမ်ထောင်နှင့်။

၍ သားအထွေးမှ
ဝေးမြေရပ်ကျွံ။ တစ်နယ်စွန်မှာ
သက်မွန်ရွယ်လူ။ သူ့ချစ်ဦးနှင့်။

၍ ဪ -
အတောင်လည်းယှက်၊ အလက်လည်းစုံ
သည်းငုံရင်ကြာ။ သမီးသားတို့
သွားခဲ့ထွက်ခွာ၊ ကာလကြာပြီ
မာတာ ပီတ၊ မိနှင့်ဖမှ

# အရိပ်

၍ စကားနှုတ်ရေး ကူမ,ဖေး၍
အေးမြခဲ့မှု။ သူ့ကျေးဇူးဟာ
ရည်စူးနေ့ည၊ သတိရစ်။

၍ ကိုယ်ထိလက်ရောက်၊ ပံ့ကူထောက်၍
ဝမ်းမြောက်ခဲ့မှု။ သူ့ကျေးဇူးဟာ
ထူးခြားအောက်မေ့၊ အနေနေ့တည်။

၍ သတိတရ၊ နေ့နှင့်ညတို့
ကာလရှည်စွာ၊ ကြာတောင့်ကြာခဲ့
ရင်မှာတွယ်ငြိ၊ သည်အသိက
ရှိခဲ့တင်မှု။ သူ့ကျေးဇူးဟာ
ညွှတ်နူးစဉ်သာ မမေ့ပါလည်း
ခုခါ “သူ” မရှိတော့ပြီကို။ ။

❖ ❖ ❖ ❖

# အရိပ်

ကောင်းနတ်ရေး ကူမ,ဖေး၍
အေးမြခဲ့မှု၊ သူ့ကျေးဇူးဟာ
ရည်ရှုနေ့ည၊ သတိရ၏။

ကိုယ်ထိလက်ရောက်၊ ပံ့ကူထောက်၍
ဝမ်းမြောက်ခဲ့မှု၊ သူ့ကျေးဇူးဟာ
ထူးခြားအောက်မေ့၊ အနေ့နေ့တည်း။

သတိတရ၊ နေ့နှင့်ညတို့
ကာလရှည်စွာ၊ ကြာတောင့်ကြာခဲ့
ရင်မှာတွယ်ငြိ၊ သည်အသိက
ရှိခဲ့တင်မှု၊ သူ့ကျေးဇူးဟာ
ညွှတ်နူးစဉ်သာ မမေ့ပါလည်း
ခုခါ "သူ"မရှိတော့ပြီကို။ ။

# တောင်ပေါ်လမ်းရဲ့ လွမ်းလက်ဆောင်

ထင်းရှူးရနံ့၊ သင်းထုံပျံ့
ညင်းညှုံ့လေပြည်၊ စိမ့်မြနေ။

မြူခြည်နှင်းငွေ့၊ ယှက်ဖြာဝေ
မှိုင်းရှိုင်းဖြာလွင့်၊ ပဝါဆင်။

သံသာဝဲဝဲ၊ ပြုံးရိပ်ကဲ
လှိုက်လှဲဟန်မူ၊ ရှမ်းပျိုဖြူ။

ရွှေရောင်ယှိုစီး၊ လိမ္မော်သီး
ခရီးဦးကြို၊ ချိုမှချို။

မြစိမ်းဖက်ထုပ်၊ ရှမ်းခေါပုတ်
နှတ်ခွန်းကြည်သာ၊ ဝယ်လှည့်ပါ။

လက်ဖက်စိမ်းနှံ့၊ မွှေးပျံ့ပျံ့
ဝင်းဖန့်"အခါးရည်"၊ ခတွင်းကြည်။

❧ ဆီးနှင်းငွေ့ခဝမ်း။ တောင်ပေါ်လမ်း
ပန်းလှိုက်ရင်ခုန်၊ ချမ်းခိုက်တုန်။

❧ ရှမ်းမြေမြောက်မှာ။ အရောက်သွား
နားခဲ့ပန်းမြေ၊ အနွမ်းမြေ
လန်းဝေဝီတီ၊ ကြည်နူးမိ
ခွဲပြီးရင်မှာ၊ ချမ်းမြေ့စွာ
ကဗျာလက်ဆောင် ပါခဲ့တကား။ ။

❖ ❖ ❖ ❖

## ဂုတ်တွင်း

❧ တစ်ကွေ့နှစ်ကွေ့၊ ဂငယ်ကွေ့ရှင်း
တစ်ကွေ့ကျော့ကျော့၊ တစ်ခေါ်ယွှန်းယွှန်း
လွှန်းထိုးနောက်ဆုတ်၊ ဘရိတ်အုပ်လျက်
သည်းလှုပ်ရင်ထိတ်၊ မျက်စိမှိတ်ကာ
တောင်ထိပ်မှဆင်း။ အောက်သို့ချဉ်းသော်
"ဂုတ်တွင်း တံတား"ရောက်လေသည်။

❧ တံတားကိုဖြတ်၊ မြင်းပတာပ်
ရပ်သည့်ပုံနှယ်၊ တောင်စွယ်ခါးပန်း
လူးလွန့်စမ်းရင်း။ ကားတန်းရှည်လျား
နတ်များရှုရှု၊ ဘုရားတ,လျက်
လမ်းမခွေခွေ၊ လမ်းမြွေလွှန့်လွှန့်
လမ်းတွန့်ကောက်ကောက်၊ တောင်ထိပ်ရောက်မြန်
မူးနောက်ဝေရီ၊ ချာချာလည်။

❧ ရှမ်းမြေမြောက်ဖျား။ သားချင်းတို့နေ
တောင်ပေါ်မြေသို့
ငါလေတစ်ခေါက်၊ အလည်ရောက်ခဲ့

တောင်အောက်သို့ဆင်း၊ "ဂုတ်တွင်းဝဲတား"
အခြားတစ်ဖက်၊ တက်ခဲ့တောင်ထိပ်
တရိပ်ရိပ်နှင့်
သည်းထိတ်မေ့မှု၊ ကြုံခဲ့မှုသည်
ကြည်နူးရတာ၊ ထိုရသ
ခံစားမိရ၊ တသသ။ ။

❖ ❖ ❖ ❖

## ဟေမန္တရဲ့ ကကြိုးကဗျာ

ချစ်စဖွယ့် လယ်ယာမြေ
နေခြည်ဖြန့်ကျင်း၊ ဝင်းလဲ့ဝါရီရွှေ။

ဆောင်းအနှိပ်ဝယ်၊ ခေါင်းညိတ်ကောက်နှံ
မြွတ်အခါ၊ ညွှတ်တွဲသန်ကာ
အဆန်ပြည့်စပါး ပေါ်တော့မနော်။

နှောင်းအတိတ်ပြယ်၊ လောင်းနှိပ်ပယ်လှန့်
လယ်သမား၊ ထယ်အားသန်သည်
မြန်ပြည့်တစ်လွှား ပျော်ပေါ့နော်။

သားချစ်သက်လျှာ၊ ဖန်ဝါသင်္ကန်း
မြွတ်အတူ၊ ကပ်လှူဒါန်းမတဲ့
မွန်းရင်းသဒ္ဓါ ပို့ခဲ့ပြီ။

ကိုယ်စိတ်ရည်တူ၊ ကြည်ဖြူငယ်ကျွမ်း
မျိုးအရက်၊ ကြိုလက်ကမ်းတော့
လွမ်းတင်းကဗျာ ချီခဲ့ပြီ။

- ဘဝနိုး၍
  ကကြိုးလောကာ ဖွဲ့လေပြီ။

- အဆဝတိုး၍
  လှမျိုးညင်သာ နွဲ့လေပြီ။

- အလိုလေ့အိုင်
  ကန်သင်းမြေမှာ၊ ဝင်းရွှေဝါမှည့်ချိန်မို့
  ပြုံးဖွဲ့မြိုင်လေး။ ။

❖ ❖ ❖ ❖

# အိပ်မက်တစ်ရာ (၃)

ကြယ်စင်ပြိုးပြက်၊ တိမ်ပုခက်နှင့်
အိပ်မက်တစ်ရာ၊ ငယ်စဉ်အခါ။

ဖဝါးကြမ်းရှ၊ ပင်ပန်းလှသည်
ဘဝကဗျာ၊ ယခုခါ။ ။

❖ ❖ ❖ ❖

# အလွမ်း

- အမေ မရှိပြီဟု
  ဖြေမရို မရှင်သာ။

- ကျွမ်းအပူ နွမ်းဆူလှိုက်
  ရှိုက်မိခါခါ။

- ရင်ထဲမှာ ဗလာ
  "အရှုံး"ဆိုတာ ဒါပါလား။

- အမေ့အသံ အမေ့စကား
  အမေ့တရား အမေ့အရိပ်
  အမေ့စိတ် အမေ့နလုံး
  အမေ့အပြုံး အမေ့သတ္တာန်
  တဝဲဝဲ တဖန်ဖန်ပေါ်
  သားရင်မှာ ခြေရာကျန်ခဲ့
  (မောင်ဟန်ရေ)
  မင်းအတန်တန် ငြင်းဆန်ပြသော်လည်း

မယွင်းအမှန် တင်းခံလို့မရသည်က
ဒိဋ္ဌအဆို မမှားလေတဲ့
အနိစ္စ ထိုတရား။ ။

(အမေသို့)

❖ ❖ ❖ ❖

# အမာရွတ်

အစွဲသေရည်၊ ချာချာလည်မှု
ဝေသီယစ်မူး၊ သောက်မိကြူးကာ
မှားမှုးသည်လည်း ရှိခဲ့၏။

မာနတံလှုပ်၊ ယုံမှားမှတ်လျက်
ထက်ကြပ်ဦးတိုက်၊ ဇွတ်တိုးလိုက်ကာ
မိုက်မှုးသည်လည်း ရှိခဲ့၏။

"ပုထုဇ္ဇနော၊ ဥမ္မတ္တကော"
ဆိုပောမြွက်ကျူး၊ ရှိစေဦးတော့
မှားမှုးမိုက်ခဲ့၊ ကိုယ့်အလှည့်ဝယ်
ငုံ့စောင်းတ,သ၊ သတိရတိုင်း
ရင်မှာသက်သက်၊ နာကျင်လျက်တည့်
ချေဖျက်မပြေနိုင်ခဲ့ပြီ။ ။

# ကြွေပျက်သွားသော အလင်းတစ်စ

❧ နှုတ်ခမ်းမှာ အပြုံး
မျက်လုံးမှာ "ကြယ်စင်"နဲ့
ဟိုယခင် ပျိုစဉ်က
ဆရာရဲ့ ရုပ်ပုံလွှာ။

❧ အသံဝါ အသံပြ
မာန်ပါပါ ဍာန်သဘောနဲ့
ရှင်အသော ရယ်စရာ
သင်မဟော ဘယ်အခါပ
ငယ်ဆရာ သည်လိုဟိတ်ကို
အတွယ်တာ ကြည်ညိုစိတ်ရယ်နဲ့
ကျိုတ်ခဲ့ကာ တို့အများမှာ
အားကျခဲ့ပါ။

❧ ရဲရင့်ခြင်း အားမာန်
ရှင်သန်ခြင်း ဒဿန
ဆရာ့အရိပ် စံအသွင်

ဘဝနိမိတ် သမွေဥ်နဲ့
အလံတင် တို့ဓတွေလှမ်းခဲ့ကြ
လှမ်းမိရ တို့ဆရာ
အခါခါ အောက်မေ့။

၇ တမြန်နေ့ဆီက
ပြန်အတွေ့ တစ်ခါမြင်တော့
ဝါကျင်ကျင် ဆရာ့မျက်လုံး
ပြုံးယဲ့ယဲ့ ဆရာ့မျက်နှာ
ပြာရော်ရော် ဆရာ့နှုတ်ခမ်းတွေက
ရင်နှမ်းစရာ ကြမ္မာအစုံနဲ့
ပင်ပန်းရှာ ဆရာကြုံခဲ့သဘောပေလို့
သင်ခန်းစာ ပုံဖွဲ့ပြောလေသလား
နှမြောဖွယ် ဟိုယခင်က
ပျို့ရွယ်စဉ် ဆရာ့ပုံရိပ်တို့
စိတ်ထဲ အသာမြင်ရင်း
မရွှင်သာ ရင်မှာတမ်းမိတယ်
(ဆရာရယ်) လွမ်းမျက်ရည်စေ့။ ။

❖ ❖ ❖ ❖

# အတိတ်လွမ်း

မေ့ထားချင်သည်
ငယ်စဉ့်နုတွေ။ အကာလေးက
ပြေးဆော့ရွှန်းပြက်၊ ငယ်အိပ်မက်တွေ။

မေ့ထားချင်သည်
ပျိုလွင်ဝင့်မြူး။ အငယ်ဦးက
ကြည်နူးရွှင်မွေ့၊ ရွှေရောင်နေ့တွေ။

မေ့ထားချင်သည်
ကြင်နာရိပ်လှုံ၊ နှောင့်သက်ငုံ့နှင့်
ကြယ်စုံဝင်းပ၊ လသာညတွေ။

ခဏခဏ၊ သတိရ၏
ဘဝသည်လမ်း။ ရင့်ရော်နွမ်းမှ
အလွမ်းရင်ငွေ့၊ ထိုစဉ်နေ့များ
ပြန်၍လိုချင် နေတကား။ ။

# မူဆယ်

၍ တောင်စောင်းပေါ် မှေးတင်
မြင်ပါရဲ့ တိုက်တန်း။
တောင်ပေါ်မှာ အိမ်တွေဆောက်
တောင်အောက်က လယ်။

၍ တငြိမ့်ငြိမ့် ရစ်ခွေ
မြစ်ရွှေလီ သွန့်ဘော။
မိုးဆောင်းနွေ ဘယ်မညည်း
စီးတဲ့လို့မြေ။

၍ "လွယ်တိန်ခမ်း" တောင်ပေါ်
မျှော်ချေက အံ့မခန်း။
ကိုယ့်မြေပေါ် ကိုယ့်ခြေရပ်
ကျေနပ် မြေချမ်း။

၍ မြတ်ဗုဒ္ဓ သာသနာ
ထိန်ဝါတဲ့ ဒေသ။
အိုးစည်သံ ငြိမ့်ငြိမ့်မောင်း
ငြိမ့်ညောင်းပါလှ။

❧ နယ်စပ်မြို့ ဝှန်နယ်
ကုန်သွယ်တဲ့ ရေစီး။
ကားမျိုးစုံ ယှက်သွယ်တန်း
လမ်းမ ခရီး။

❧ ဟိုဘက်မှာ သူတို့ပြည်
သည်ဘက်မှာ ကိုယ့်ဇာတိ။
ကိုယ့်တိုင်းပြည် သည်တန်ဖိုး
တိုးလို့သာသိ။

❧ ကိုယ့်တိုင်းပြည် ဖွံ့ဖြိုးမှ
ကိုယ့်လူမျိုး ကိုယ့်နိုင်ငံ
တိုးတက်ရှင်သန်။
သွေးအသက် ဇာတိမာန်
တစ်ဆံခြည် မရွေ့ကောင်း။
အမျိုးဂုဏ် ဘယ်မတိမ်းအောင်
ထိန်းသင့်ပါကြောင်း။ ။

## ဂန္ထဝင် အမေ

❧ ဆယ်ယောက်တစ်ကျိပ်၊ တရင်းပိတ်၍
မဖိတ်မစင်၊ အားလုံးတင်သော်
မိခင် ဘဝ၊ စံတင်ရ၏
အာဂအမေ၊ ဆိုကြပေ။

❧ သမီး မပြုံး၊ အကြီးဆုံးက
သောက်သုံးရေမိုး၊ ဖွတ်လျှော်ချိုးဖို့
ထမ်းပိုးကိုဆင်၊ သွပ်ပုံးပြင်ကာ
နေ့စဉ်မပြတ်၊ ရေငင်ခပ်၏
ဖျတ်လတ်မှုရာ၊ မညည်းရှာ။

❧ သားအကြီးကောင်၊ မောင်မိုးအောင်က
စင်ထောင်ပန်းပျိုး၊ မြေဆွေးနှီးလျက်
မျိုးချပင်စိုက်၊ ရေလောင်းလိုက်နှင့်
နှစ်မြိုက်ကြည်နူး၊ ဥယျာဉ်မှူး။

❧ သမီးအလတ်၊ ကြွပ်ဆတ်ဆတ်က
ဖြတ်ဆန်ရေဆေး၊ ထင်းမီးမွှေး၍

ကလေးထိန်းရှင်။ ဘယ်မပျင်းရ
ထမင်းအိုးချောင်၊ သူ့အခေါင်။

❧ သားလေတ်နှံ့ယောက် အ□□□□ပေါက်က
ထန်းခေါက်တောင်းစုတ်၊ မှိုက်ခြင်းလှုပ်၍
မြတ်နှုတ်ပေါင်းရှင်း။ တူလှည်းကျင်း။

❧ သမီးမွှက်၊ ခပ်သွက်သွက်က
ချက်ဆေးအိုးတိုက်၊ မပျင်းဝိုက်ချေ
ပျော်ဝိုက်ရွှင်မြူး သူ့ရာထူး။

❧ ဆယ့်သုံးနှစ်ရွယ်၊ သမီးငယ်က
ရောင်းဝယ်ဖြိုင်ဖြိုင်၊ အမေ့ဆိုင်မှာ
ခြင်းကိုင် တောင်းမ၊ တာဟီရ။

❧ ဖိုးခွား့ပုမ၊ မောင်နှမနှင့်
ဒသသမမွေး။ အငယ်လေးမှ
ပြေးလိုက်ဆော့လိုက်၊ တအံ့လိုက်နှင့်
တစ်သိုက်တစ်မြုံ ပျော်ခင်းစုံ။

❧ သမီးငါးယောက်၊ သားငါးယောက်နှင့်
ဆယ်ယောက်တစ်ကျိပ်၊ စာရင်းပိတ်၍
မဖိတ်မစင်၊ အားလုံးတင်သော်

မိခင်အာဂ၊ ချီးကျူးကြ၏
ဘဝလှိုင်းပုတ်၊ ဘယ်သို့လှုပ်လည်း
ကျားကုတ်ကျားခဲ၊ မိခင့်ခွဲ့မို့
ဆင်းရဲဒဏ်လောက်၊ မှုမကြောက်ချေ
အောင်ပေါက်ကြိမ်းမောင်း။ တုတ်တစ်ချောင်းနှင့်
ထိန်းကျောင်းပဲ့ပြင်၊ ဆုံးမ,သင်ခဲ့
ရင်မှ ပေါက်ဖွား။ သမီးသားတို့
ရေခြားလိမ္မာ၊ သည်နေ့ခါမှ
မာတာမိခင်၊ ပြုရိပ်ဆင်သည်
ရင်၌ပဝင်။ လေဆယ်စင်။ ။

❖ ❖ ❖ ❖

# မကြာဖြူ

၍ နမလေး မကြာဖြူ။
ပြစ်မထင် ချစ်ခင်ပြုံးနဲ့
နလုံးလှသူ။
ပျင်းမဲ့ မငြူစူ
ဝေငှ မနေအား။
သူ့တာဝန် သူ့အလုပ်
ကြိုးကုတ်မနား။

၍ လင်းကြက်တွန် အရုဏ်တက်တော့
ဆွမ်းချက်ထ ကုသိုလ်ယူ။
စပယ်ရုံ ထုံထုံအေး
မွှေးပျံ့လှိုင်ကြူ။
ပန်းကောက်လို့ ဘုရားလှူ
မကြာဖြူ ငယ်နမ။
မြင်ရသူ ဘဝင်လန်း
ချမ်းမြေ့ပါလှ။

ကျောင်းတက်ချိန် ခေါင်းလောင်းထိုးတော့
ရိုးရိုးလေး ယဉ်ဟန်မှု။
လွယ်အိတ်လွယ် ကျောင်းကိုသွား
ကြိုးစားသင်ယူ။
နမလေး မကြာဖြူ။
ကျောင်းသူလေး ပီပါပေ့။
မြတ်ဆရာ ဆိုစကား
မှတ်သားကြည်မွေ့။

မကြာဖြူ နမလေး
ယဉ်ကျေးလို့ သိမ်မွေ့ရှာ
သမီးလိမ္မာ။
ကျောင်းဆင်းလို့ အိမ်ပြန်လာ
ဘယ်ခါမှ မနွမ်း။
ကူညီညာ မိခင်ပါးမှာ
အားရွှင်လန်း။

ချစ်စဖွယ် မကြာဖြူ။
ညဦးချိန် မျက်တောင်စင်းပေမယ့်
အပျင်းမထူ။

တကြည့်ဖို့ ချိန်မှန်သူ
စံယူဖွယ် မိန်းကလေး။
သူ့နာမည် ဂုဏ်သတင်း
သင်းပျံ့လို့မွှေး။ ။

❖ ❖ ❖ ❖

# မေတ္တာလှိုင်း

လမင်းပြာသို့
မြင်ကာခဏ၊ အေးငြိမ်းလှ၏
သူမမျက်နှာ၊ ကြည်လင်စွာ။

စမ်းရေလျှဉ်သို့
ကြားစဉ်ခဏ၊ ကြည်နူးလှ၏
သူမသံစဉ်၊ ချိုလွင်လွင်။

နှင်းစက်ပွင့်သို့
ဝင့်ခဲ့ပြီ၊ စွဲလမ်းမိရ
သူမအပြုံး၊ မက်မဆုံး။

ဓမ္မာဒီသို့
ကသီနွဲ့လှမ်း။ လိုက်ဖိုလွမ်းရ
ပန်းနုယ်ခြေရှု၊ တဖွဖွ။

ခြော် -
သူမမျက်နှာ၊ လမင်းပြာနှင့်

သံသာစမ်းမြေ ပြုံးလှလှနှင့်
နွဲ့လျပျူငှာ၊ သူ့မှူရာတို့
မြင့်ပါကြွားရ၊ အေးချမ်းလှ၏
သူမမေတ္တာ၊ စေတနာလည်း
ပမာပန်းနှယ် မွှေးစေသတည်း။ ။

❖ ❖ ❖ ❖

# အိပ်မက်တစ်ရာ (၄)

ကဗျာမှော် အဆိပ်တက်
အိပ်ပျက်ည များစွာ။

နိမိတ်ပုံ အာရုံငှက်တို့
ဖမ်းခက်လှပါ။

အိပ်မက်က တစ်ရာ
ကဗျာက တစ်ပုဒ်ထဲ(တည်း)။

နိမိတ်ပုံ ကာရန်မလှသော်လည်း
ဘဝမှာ အနေတတ်လေတော့
မြတ်ခဲ့သည်ပဲ။ ။

# မမှိတ်မသုန်

- သူတို့ဟန်၍
  တန်ဆိုင်းတွေတွန့်၊ သွေးမရွံ့။

- သူတို့ ပြော၍
  သို့လောတွေ့ပြား၊ မဝေဝါ။

- နိုင်မာမြဲမြံ၊ သန္နိဋ္ဌာန်ဖြင့်
  ရုန်းကန်လှုပ်ရှားတက်၊ ခရီးဆက်သော်
  နက်ဖြန်အောင်ပန်း၊ လက်တစ်ကမ်း။ ။

❖ ❖ ❖ ❖

# ရေချမ်းစင်

❧ နွေအပူလမ်း ဝေဆူကြမ်း
နွမ်းလျခွေနွဲ့ မေမလှမ်းချင်
ပန်းသမျှ ဖြေလည့် ရေချမ်းစင်။

❧ နေခြည်မခ ရေကြည်မြ
ချွေစေတော့ နွေလမ်းတစ်ခွင်
အေးမြစေမယ့် ရေချမ်းစင်။

❧ ခရီးတစ်ဆိတ် မန်ကျည်းရိပ်
စိတ်ပျော်လန်းဖွယ့် ပြေနွမ်းအသွင်
ဖိတ်ခေါ်ကမ်းရဲ့ ရေချမ်းစင်။

❧ ခွေ့ဖို့ညှိုးငေး ပင်ပန်းသလေ
ရေကြည်အိုးလေး ရင်အနွမ်းပြေသနှင့်။

❧ အန်းမှုတ်ခွက်နဲ့ တစ်ယောက်တစ်လက်ဝေ
ပြုံးနှုတ်ဆက်ရဲ့ ကျောက်စက်ရေတော့။

❧ မြန်မာ့ဓလေ့ မက်မပြေပေါင်
အလှအပြည့် ကျက်သရေဆောင်ရှင့်။

ဤ ရေစင်မြနဲ့ ပကာသနမဆင်
နွေအမြင်လှတဲ့ ဒါနအသွင်လေ။

ဤ အလှမွေ့မော
ဘဝနွေတစ်ကြောမှာ
သောကမျှ အပူငွေ့တွေနဲ့
တရွှေ့ရွှေ့ လူးလာခတ်
အနေ့နေ့ ကူးကာဖြတ်နေရ
လက်ယပ်ကာ လှမ်းခေါ်ငင်သို့
ရေချမ်းစင် မြင်ခဏမှာ
ချမ်းမြတယ်လေ။ ။

❖ ❖ ❖ ❖

# ရှင်သန်ခြင်း ဒဿန

ကမ္ဘာ့ရှုထိုး၊ လှိုင်းတံပိုးတို့
အမြဲကြီးစွာ၊ ပြေးဆောင့်လာလည်း
မာကျောစိတ်ဓာတ်၊ ကြံ့ကြံ့ရပ်လျက်
မားမတ်ထိုးထောင်၊ အို ကျောက်ဆောင်။

သွေးပျက်မှန်တိုင်း၊ အော်သံရိုင်းနှင့်
ခုန်းစိုင်းကြေညာ၊ တိုက်ခတ်လာလည်း
မြေမှာမလျော်း၊ မဒိုက်စောင်းချေ
ခေါင်းမတ်မြှပ်၊ အိုသစ်ပင်။

လောကခံ၏
လှိုင်းထန်ဆိုးရွား၊ မုန်တိုင်းကြားတည့်
အားပျက်ခေါင်းငိုက်၊ ရှုံးလုနိုက်ဝယ်
စိတ်၌မြင်ယောင်၊ ထိုကျောက်ဆောင်နှင့်
ခေါင်းထောင်ညွှန်ရှင်၊ ထိုသစ်ပင်တို့
ဆွဲငင်ကိုင်လှုပ်၊ နိုးခေါ်ပုတ်သို့
ကျွန်ုပ်အားမာန်၊ စီးပွက်လျှံသည်
တစ်ဖန်နိုးထခဲ့ပြန်ပြီ။ ။

## စည်းခြားခံရသော အတ္တ

၍ လမ်းပြင်တော့ သူမပါ
လမ်းသာတော့ သူလျှောက်။
လမ်းပေါ်မှာ အခန့်သား
ခြေဖျား သူထောက်။

၍ ဆန်ဖွပ်တော့ သူမကူ
ဆန်ယူတော့ သူမအား။
ထမင်းပြင် အလျှင်ဦး
ခူးခပ် သူစား။

၍ ရေခပ်တော့ သူမလာ
ရေဆာတော့ သူသောက်။
သည်ရေကို တစ်ဝချိုး
ရေအိုး သူမှောက်။

၍ ပန်းပျိုးတော့ သူမမြင်
ချူချင်တော့ သူရောက်။

ပန်းသခင် ရှေရင်ကျိုးအောင်
ချိုးဖွဲ့ သူကောက်။

၅၁ "ငါသာလျှင် ပမာန"တဲ့
သူ့ဘဝ အဘိဓမ္မာ။
အတ္တမာန် အစွယ်ပေါက်
ကြောက်မက်ဖွယ်ရာ။
အများက ရှောင်ခွာ
ယောင်ချာချာ သူ့အဖြစ်။
အထီးကျန် တစ်ယောက်တည်း
သင်းကွဲကျန်ရစ်။ ။

# သူ့အပြုံး

နွေးထွေးရွှင်ပျ၊ သူ့ပြုံးပြ၍
ငါ့မှာအေးမြ ခဲ့သော်လည်း။

အေးစက်မှုရာ၊ သူ့ပြုံးလာ၍
ငါ့မှာပူလောင် ခဲ့မြဲတကား။ ။

❖ ❖ ❖ ❖

# မာယာ

- မြင်လိုသည်မှာ
  ကြည်သာရွှန်းပ၊ အပြုံးမြ။

- ကြားလိုသည်မှာ
  သံသာနှံ့အေး ချိုမြတေး။

- တွေ့လိုသည်မှာ
  ကြင်နာထွေးဖက်၊ အနွေးလက်။

- မြင်ရသည်က
  မာနညီညီ၊ အတ္တမီး။

- ကြားရသည်က
  ဒေါသမွှက်လျှံ ဟိန်းဟောက်သံ။

- တွေ့ရသည်က
  လောဘလက်မည်း စွန်လက်သည်း။ ။

# အရိပ်အယောင်

၍ မျက်ဝန်းမှာထင်
ရင်ထဲက အရိပ်။
အကြင်နာ တေးတစ်စနဲ့
အေးမြတဲ့စိတ်။

၍ မျက်ဝန်းမှာမြင်
ရင်ထဲက အပူလှိုင်း။
ဝေဒနာ အဆွေးရိပ်နဲ့
စိတ်လက် မှုန်မှိုင်း။

၍ အလင်္ကာ ပန်းတစ်ခင်းနဲ့
ညင်းညှို့ညှို့ သင်းထုံလွင်။
မျက်ဝန်းမှာ အရောင်ဟပ်
လှိုင်းခတ်သည့်ရင်။

၍ ရင်ထဲမှာ ငလျင်
မုန်တိုင်း ဆင်မြန်းတော့။
မျက်ဝန်းမှာ တိမ်ညိုသန်း
နွမ်းတမျှော်မျှော်။ ။

❖ ❖ ❖ ❖

# နွေအလင်း

သိုင်းဖြန့်ရစ်ခြုံ၊ နွေဝတ်ရုံလည်း
ဖုန်တင်ညစ်ပေဟောင်း။ ထုထောင်းကြေမြည့်
ဆွေးရိဝိကြန့်၊ စုတ်ဖွာလန်ပြီ။

ကဆုန်ပေါက်စိုင်း၊ နွေမြင်းရိုင်းလည်း
ရိုးမြှင်းနံ့ချို၊ ပွဓထ်ပိလျက်
လေးတိလေးကန်၊ ခြေမသန်ပြီ။

လွှမ်းမှုင့်သီသော၊ နွေညြလည်း
လိုက်မောကျင်ဆွတ်၊ အတောင်ကျွတ်လျက်
ပုန်းဝပ်ငြိမ်ဆိတ်၊ အသံတိတ်ပြီ။

ထိုသောခဏ
အရှေ့ညဝါသီ၊ တောမှိုရယာန်း
စီးဖြန်းစိတ်ဖြာ၊ ဘာဝနာဝယ်
ထင်လာပျက်ချုပ်၊ နွေသရုပ်ဟု
ရုတ်ခြည်း သိမြင်ခဲ့လေပြီ။ ။

❖ ❖ ❖ ❖

## ကဗျာဆရာ၏ ဝေဒနာ

ရင်ထဲမှာ ညံ့တာတာ
သံ့သာသာ လွန့်လူး။

အလင်္ကာ ကဗျာငှက်ရယ်က
ရုန်းထွက် ဘယ်ဆီပျံရပြီ
တောင်ပံကို ဘယ်ညာခတ်ပြီကွဲ့
သိတတ်နိုင်ဘူး။ ။

❖ ❖ ❖ ❖

# ဖြစ်တည်မှု

- သူ့ဖဝါးမှ
  မြေသားတစ်မှုန်။

- မင်းခြေထောက်မှ
  ရွက်ခြောက်တစ်လွှာ။

- ငါ့ခြေချောင်းမှ
  ပေါင်းမြက်တစ်မွှယ်။

- သူငါတက်ဆင်း
  ခြေချရင်းမြင့်
  နင်းဖြတ်ကျော်လွှား
  ဤလှေကားဝယ်
  ကြောင်းလျှာတစ်ခု ရှိခဲ့ပြီ။ ။

❖ ❖ ❖ ❖

# မှူးလက်ဆောင်

၍ ဝါဆိုဝါခေါင်၊ ရေဖောင်ဖောင်
လှိုင်းဘောင်ဘင်ထ၊ မှူးမြစ်မ
ရန်ကြွစွယ်ပြီ။ မာန်ဟုန်ကြီး
စီးတယ်လေ့ စီးတယ်လေး။

၍ ရေဝဲကာစုပ်၊ လှိုင်းကာပုတ်
မြုပ်ချည်ပေါ်ချည်၊ ချာချာလည်
စီရီပေါ်လော၊ ဒိုက်သရော
မျောတယ်လေ့ မျောတယ်လေး။

၍ ဒိုက်ပုံမည်းမည်း၊ ထင်းကိုဆွဲ
အားခဲဆယ်ယူ၊ ဝိုင်းလို့ကူ
အတူလက်ကမ်း၊ ထင်းကိုထမ်း
လှမ်းတယ်လေ့ လှမ်းတယ်လေး။

၍ မိုးကြီးသွန်းရွာ၊ နှစ်စဉ်သာ
မြစ်ညာတစ်ကြော၊ ထင်းတွေမျော

မျှောလာထင်းတဲ့။ တပ်ပျံပျံ
ကုန်းရုန်းသယ်ကြ၊ ချွေးစီးမြ
မြစ်မသည်မျှ။ မေ့နိုင်ဘူး
ထူးတယ်လေ့ ထူးတယ်လေ။ ။

❖ ❖ ❖ ❖

# နွေကို ဆေးကြောခြင်း

(၁)

- တို့ရွာဘေးမှာ၊ စီးဆင်းလာသည်
  မိုးခါရေရှင်၊ နွေတွင်ရေနည်း
  သဲချောင်းကလေး။ ကောက်ကွေးကွေး။

- မြူနှိုးဝေ၍
  နွေလည်းအရောက်၊ ရေနည်းခြောက်ပြီ
  ပေါက်ပက်တွန့်လိမ်၊ တမိန့်မိန့်နှင့်
  နေရှိန်အောက်က ချောင်းကလေး။

- နွေလှိုင်းလေပွေ၊ မှုန်ရှိုင်းချေ၍
  ရေမဲ့ပေါင်းလောင်း။ မြင်မကောင်းပြီ
  ပွရောင်းကြဲမွှ၊ အမှိုက်စနှင့်
  အလှပျက်သော ချောင်းကလေး။

- ရွာသားသူငါ၊ လူတကာတို့
  ယူလာသယ်မ၊ စွန့်ပစ်ကြ၍

ဝါးစသစ်တို့၊ တောင်းအိုခြင်းစုတ်
ညှီပုပ်နံ့သို့။ ယင်လောက်ပိုးနှင့်
ရှပ်ဆိုးရသော ချောင်းကလေး။

၉

ဪ အို...
လျှပ်စီးပိုးဝင်။ အမြိုးပြင်းစွ
ချင်းနှင်းဝင်ရောက်။ တံခါးခေါက်၍
မိုးရောက်ခဲ့ပြန် ပါပကော။

ဪ ချောင်းညာဆီမှ၊ မိုးကြီးကျခဲ့
လှိုင်းထဝဟာန်ဟုန်၊ သိမ့်သိမ့်တုန်ပြီ
မိုက်ပုံပေါ်လေသော၊ ဒိုက်သရောတို့
ပျောပါစုံးစုံး။ တဝုန်းဝုန်းလျှင်
သိမ်းကျုံးလွှင့်စဉ် သွားသတည်း။ ။

# တစ်ခုသော ပန်းဥယျာဉ်

ဪ ဟိုဘက်မှာ သူ့ခြံ။
ပန်းရောင်စုံ ဖူးအပွင့်နဲ့
မြူးဝင့်နေပြန်။
စိမ်းရွက်နဲ့ ရိုးတံ
ရှင်သန်လို့ နွဲ့ယိမ်း။
သူ့ဥယျာဉ် သူ့စိုက်ခင်း
သင်းမြမြငြိမ်း။

ဪ သည်ဘက်မှာ ကျွန်တော့်ခြံ။
အလင်္ကာ ပန်းတစ်မွေ့နဲ့
ချမ်းမြေ့နေပြန်။
ဖူးပွင့်လို့ ရှင်သန်
ကာရန်ဖွဲ့ ပန်းစုံတော။
ညာမကြွေ ပန်းမုံလွှရယ်နဲ့
ကဗျာတွေ လန်းထုံမြကာပ
လှခဲ့ပြီကော။ ။

❖ ❖ ❖ ❖

# ကြိမ်ပုခက်ကလေး

- မှိုင်းကပ်ကြေးစွဲ၊ ကျပ်နိုးမည်းနှင့်
  မွဲခြောက်ဖုန်တက်၊ ကြိမ်ပုခက်တည့်
  သက်တမ်းရင့်ညှောင်း လှပေပြီ။

- သည်ပုခက်ကား
  သက်နှံ့ရွယ်လူ။ ကြင်စဦးက
  ကြည်နူးရှင်ပျ။ မိနှင့်ဖတို့
  သားလှရွှေစင်၊ မွေ့အိပ်ချင်အောင်
  ကြည်လင်နှဲ့တေး။ ချော့သီကြွေးရင်း
  ထွေးသိပ်ခဲ့ရာ၊ လက်ဆောင်လျာ။

- သည်ပုခက်တွင်။ ရန်ကန်ရင်းမြင့်
  လင်းလက်ရွှန်းလှစ်၊ နေခြည်သစ်ကို
  သားချစ် တွေ့မြင်ခဲ့ရသည်။

- သည်ပုခက်တွင်။ လူးလွန့်ရင်းမြင့်
  နှင်းဆွတ်ထုံယစ်၊ လေပြည်သစ်ကို
  သားချစ် ခံမင်ခဲ့ရသည်။

꩜ အမေ့လက်ဖြင့်
ပုခက်လွှဲသိမ်၊ မွှေးမွှေးအိပ်ရင်း
စိတ်လက်ဖွံ့ထွား။ အမေ့သားလျှင်
လူလားမြောက်ခဲ့ ရပါသည်။

꩜ သားမောင်ဖွားဖက်၊ ကြိမ်ပုခက်လည်း
မြေယှက်ကင်းမျှင်၊ ကျပ်နီးစင်ဝယ်
တင်ထားမေ့ပစ်၊ မွဲရော်ညစ်လျက်
နှစ်ပေါင်းကြာမြင့် ခဲ့လေပြီ။

꩜ ရွှင်မြူးချမ်းမြေ့ သည်ယနေ့တည့်
ပျော်ရှုမခံ့။ မော်မခံ့ပြီ
ပြုံးမြကြည်နူး။ သက်ငုံ့မှုမှ
သားဦးသန့်စင်၊ မျက်နှာမြင်၍
ဖခင်ကျွန်တော် ဖြစ်ခဲ့ပြီ။

꩜ သားဦးရင်နှစ်၊ မြေးချစ်နှနယ်
ချစ်မပြယ်ပြီ
စိတ်ဝယ်ပေါ့ပါ။ ဘိုးနှင့်ဘွားလျှင်
မှန်မှားကင်းမျှင်၊ ကျပ်နီးစင်မှ
ဖုန်တင်မြေးယှက်၊ ကြိမ်ပုခက်ကို
သွက်လက်တူယှဉ်၊ ယှငင်မမော
ဆေးကြောသုတ်သင်၊ ယုယမြင်ပြီ
ကြည်လင်ပြုံးရိပ်၊ တဖိတ်ဖိတ်။ ။

❖ ❖ ❖ ❖

# အခန်းဆက်ည

ဪ ဗီးတိုင်လေး မှိန်မှိန်
ငြိမ်တစ်လှည့် ထိန်တစ်လှည့်။
မင်းသခင် ကာရန်ရှာလို့
ကဗျာတို့ တဆိုညွှန့်မှာမို့
ထွန်းပါဦးကွဲ့။

ဪ မျက်တောင်လေး ပေပေ
ဝေတစ်လှည့် ပြေတစ်လှည့်။
မင်းသခင် ကဗျာဆရာက
မညာတာ သူမအိပ်တော့
မှိတ်နိုင်ဘူးတဲ့။

ဪ ဘောလ်ပင်လေး ဖြူဖြူ
ရူတစ်လှည့် မူတစ်လှည့်။
မင်းသခင် ကဗျာရှာနဲ့
ခါတစ်ရံ အတွေးနှောင့်သမို့
ပေးစောင့်ဦးကွဲ့။

၍ ကဗျာဆရာ မတုန်မလှုပ်နဲ့.
မှုန်ကုပ်ကုပ် ဝေါင်တောင်တောင်။
စိတ်အာရုံ အဝေးဆန့်
တွေးမြှိန့်သယောင်။
"အိပ်သေးဘူးလား မောင်
သန်းခေါင်ကျော်ပြီနော့။"
အသက်လွှာ ဝက်ရာအခန်းဆီက
နှမ်းသံသာ ခါခါမေးလေတော့
အတွေးမျှင် အဆင်ပျက်တယ်
(အင်း) နက်မြှိန်မှပေါ့။ ။

# ဆရာ

အသက်ရှူတိုင်း
မြေဖြူမှုန်များ လွင့်ပါသွားသည်
ရင်ကြားအဆုတ်၊ ခုတ်ခုတ်ထိ။

ငါကျောင်းဆရာ
နာခေါင်းကို ပိတ်၊ ခံမဆိတ်နှင့်
တိုးတိတ်ဖွဖွ၊ မဟာတဟ
သင်ပြဘယ်မှာ၊ ရပါမည်လဲ။

သင်ပုန်းထက်မှာ၊ ဖျက်လိုက်ပါတိုင်း
လွင့်ကာခဲ့နှံ့၊ မြေဖြူမှုန်တို့
ရင်အုံအဆုတ်၊ တစ်မဟုတ်ချင်း
ဆွဲစုပ်ခါခါ၊ ရှူမိပါ၏
ဘယ်မှာရှောင်လွှဲ၊ ရမလဲလေ။

သူတို့လေးတွေ၊ နားလည်စေဖို့
လေပြွန်အဆုတ်၊ ညှစ်ထုတ်သွန်အန်
အဖန်ဖန်လေ
အသံနာလည်း နာပါစေ။

❧ သူတို့လေးတွေ၊ တတ်သိစေဖို့
လေနှင့်အတူ၊ ပင့်သက်ရှူတိုင်း
မြေဖြူမှုန့်တို့ ငါ့ရင်ခိုမှာ
ဆို့တစ်ချင်လည်း တစ်ပါစေ။

❧ ပန်းမျိုးတစ်ရာ၊ ပွင့်စိမ့်ငှာဟု
ရင်မှာ ထုဆစ်၊ နုသစ်စေဖြာ
"စေတနာ" လျှင်
ကဗျာတစ်ပုဒ် ပါတကား။

❧ သြော်…အသက်ရှူတိုင်း
မြေဖြူမှုန့်များ၊ လွင့်ပါသွားသည်
ရင်ကြားအဆုတ် ဖုတ်ဖုတ်ထိ။ ။

❖ ❖ ❖ ❖

# သမိုင်းပဲ့တင်သံ

၍ ကျွန်ပညာ သပိတ်မှောက်
မကြောက်တရား သန္နိဋ္ဌာန်။
ဇာတိမာန် အလျှံညီး
မီးတောက်သဏ္ဌာန်။
ဒူးတုပ်လို့ ငုံ့မခံ
မြန်မာဟော့ သခင်မျိုး။
နယ်ချဲ့မာန် အာဏာစက်
ရန်ဖျက် ရိုက်ချိုး။

၍ ထောင့်ကိုးရာ နှစ်ဆယ်ပြည့်
မကွယ်သည့် အလင်းရောင်။
အမိုက်နှံ့ ကျွန်ဘဝမှ
နိုးထ ခေါင်းထောင်။
ခွင်းခဲ့ကြ အမှောင်
တန်ဆောင်ကွဲ့ ဆီမီး။
ခေတ်တွေသာ ဘယ်လိုပြောင်း
မဟောင်း အုံ့ချီ။

၅ တို့ယုံကြည် တို့မြတ်နိုး
တို့လူမျိုး တို့နိုင်ငံ။
ပျက်နိုင် မယိုင်လဲ
စွဲနှစ်ရှင်သန်။
သမိုင်းရဲ့ ပဲ့တင်သံ
ဇာတိမာန် သံမဏိ။
တို့မြန်မာ ဂုဏ်ခြပ်
ထူးမြတ်ပါဘိ။ ။

(အမျိုးသားနေ့သို့)

❖ ❖ ❖ ❖

## ကမ္ပည်း

၍ ဝေရက်တောင်
မြင့်ခေါင်သီဟည်း။ မိုးထိနီးမျှ
ထီးထီးမားမား။ တိမ်ထုကြားမှာ
ငွါးငွါးလွင့်လွင့်၊ ကြွားကြွားဝင့်၏။

၍ တောင်စွယ်ချွန်းချွန်း။ တောင်စွန်းငေါငေါ
တောင်ကြောမတ်မတ်
ခဲကတ်မှိုမောက်၊ မိုးသို့ဖောက်၏။

၍ ရေခဲနှင်းရိုင်း။ တောင်ကိုပိုင်းလျက်
တိမ်လှိုင်းပင်လယ်၊ တောင်ကိုကွယ်၏။

၍ ဝေရက်တောင်၊ မြင့်ထွတ်ခေါင်ဟု
တောင်တို့သနင်း။ မြင့်ဘိခြင်းဟု
ဝင်စင်းဒူးထောက်၊ ဘယ်မကြောက်ချေ
တက်ရောက်အနိုင်ယူ၊ အလံထူသော်
လူသားသမိုင်း သစ်ပြန်တကာ။ ။

## မျိုးဖျက်ရန်သူ

ဩ လိုက်ခဲ့လို့ခေါ်
ကျွန်တော်က ငြင်း။
ခေါင်းကိုခါ လည်မညိတ်
ငွတ်မိတ်လို့တင်း။

ဩ လာခဲ့လို့ခေါ်
ကျွန်တော်က ပြေး။
သွေးလန့်ကာ ခြေကိုရုပ်
နောက်ဆုတ်အဝေး။

ဩ ဘိန်းဖြူဆို ဆေးတစ်မှိုက်
မှေးငိုက်တော့ ဒီဝေပြား။
သူ့အာရုံ သူ့ကွန်ရက်
ရှန်းထွက် ဖယ်ခွာ။
ကြောက်စရာ ဝက်ပါ
မာယာနဲ့ ကြောကွင်း။
မျိုးဖျက်ရန် မူးယစ်မှိုင်းပေမို့
ပိုင်းခုတ်လို့ရှင်း။ ။

## ရှင်သန်ခြင်း မျက်နှာ

အနာပဆုပ်၊ သွေးပြည်ပုပ်သို့
စက်ဆုပ်နှလုံး။ ငါရွံ့မုန်း၏။

မြွေဆိုးပါးမျဉ်း၊ အဆိပ်ပြင်းသို့
ရင်တွင်းလှုပ်ခြောက်၊ ငါလန့်ကြောက်၏။

ကာလဒေသ၊ ပယောဂ ဟု
နှီးခွဲပြားယောင်။ ထိုအကြောင်းကြောင့်
တိမ်းစောင်းသိက္ခာ၊ တစ်ဆိတ်တာမျှ
တထာလိုက်မှန်၊ အမိုက်နှံ့ဝယ်
ကျွံမိမှားမှောက်၊ တရားပျောက်မည့်
တစ်ယောက်သောငါ၊ ဖြစ်မိမှာကို
ငါအရှက်ဆုံး ငါတကာ။ ။

# ဘလ္လာတိယ အလွမ်း

ဪ လဝါဆို အခါနေ့
လာတွေ့ပြီ ချစ်သူ့တာ။
တစ်ရွာသူ ဟိုအဝေး
ပျိုလေးက မှာ။
အတွေးနဲ့ ရှင်စွာ
ရင်မှာတဲ့ ကြည်နူး။
မလေးမောင် ပျော်မဆုံးတယ်
ပြုံးရိပ်နဲ့ မြူး။

ဪ ပျိုလေးနဲ့ မှုရာ
သူမှာတဲ့ နေ့။
မလေးမောင် လူညိုကြော့မှာ
အသော့နှင် အတွင်လှမ်း
မြန်းခဲ့ပြီလေ့။

ဪ မလေးမောင် လမ်းတစ်ဝက်
လှမ်းသွက်သွက် ရင်ကမို။

ချောင်းအညို ဟိုတောင်ထိပ်မှာ
မိုးရိပ်က ကြို။
ရွာပါနဲ့ ရွှေမိုးညို
ဆိုပေမယ့် ဘယ်အငြိုး။
ပျောင်းပြေရွာ တောင်းပန်လို့ပေမယ့်
ချောင်းရေမှာ မြောင်းဆန်တိုးအောင်
ဆိုပြီကွဲ့ မိုး။

ဏ ဒေါသပုန် အဟုန်ကြီး
ချောင်းရေစီး လှိုင်းကထန်။
မလေးမောင် သူ့ခရီးမှာ
ဆီးကန့်လန့် ခံ။
ရင်ထဲမှာ ဗလောင်ဆန်
မလေးမောင် မကြံ့တတ်။
ပျို့လေးခင် နားလည်ကောင်းပါရဲ့
ချောင်းခြားတဲ့ ဇာတ်။

❖ ❖ ❖ ❖

# ကြွေ ဇွဲ

✍ သူ့အကြည့်များ၊ ခွင်းဖြတ်သွားနိုက်
ထိပါးငြိစွန်း၊ မာနမွန်းလည်း
ခွန်းဆနှုတ်လုံ့၊ မတုံ့ပြန်ခဲ့။

✍ သူ့အပြုံးဝေ၊ ပြက်ရယ်ဝေ့နိုက်
မွှေ့ယမ်းလှုပ်သွန်း၊ မာနမွှန်လည်း
စည်းကျွံမှောက်လွဲ၊ မပေါက်ကွဲခဲ့။

✍ သြော်···
မတုခဲ့ပါ၊ သူနဲ့ငါဟာ
ခါခါနှိုင်းယှဉ်၊ သည်အသိဖြင့်
"တေမိ" ကျွန်တော် ဖြစ်ခဲ့ပြီ။ ။

❖ ❖ ❖ ❖

# ကဗျာဆရာတစ်ယောက်၏ ဖြောင့်ချက်

အနန္တ သူရိယရဲ့ မျက်ဖြေလင်္ကာ
ပဒေသရာဇာရဲ့ တျာချင်း
နတ်ရှင်မင်းရဲ့ ရတုတစ်ပ
ဦးပုညရဲ့ တေးထပ်တစ်ပိုင်း
ဆရာမှိုင်းကြီးရဲ့ လေးချိုးကြီးတစ်ပိုဒ်
နှစ်ခြိုက်စွာ ရှုသောက်
"ကဗျာ" ဆိုတဲ့ တံခါးပေါက်က
(ကျွန်တော်လေ)
လေးဖက်ထောက်ပြီး ဝင်ခဲ့တယ်။

ရှယ်လီ, ဂျွန်ကိ(တ်)(စ်)
ယိ(တ်)(စ်), ဘိုင်ရွန်
ဆရာသမားတို့ ညွှန်လို့
ကျွန်တော်လေ ဘုရားဖူး
ဖတ်ဖူးရဲ့ ဖတ်ဖူးပါရဲ့
"ဒါလား ကဗျာရေးတဲ့ကောင်တဲ့

ယောင်ချာချာ တောသား
မင်းအလကား လို့
ခင်များတို့ နာခေါင်းရှုံ့လည်း
ခေါင်းငုံ့ပြီး ခံပါမယ်။

၎ "သပြေညို" နဲ့ "နှင်းဆီ"
ဆရာတော်ကြီးရဲ့ "ဗေဒါပန်း"
ထိုးစိုက်ယှ ရင်မှာလန်းခဲ့ပေါ့
ကဗျာလမ်းမှာ ခပ်ကုပ်ကုပ်လျှောက်
ခြေဖျားလည်း မထောက်ခဲ့
တစ်ယောက်တည်း ကျွန်တော်ရယ်
မော်တယ်လည်း ထင်ပါနဲ့။

၎ တော်လှန် ကဗျာလား
မော်ဒန် ကဗျာလား
ဂန္ထဝင် ကဗျာလား
သမ္မဝဋ္ဌိ ကဗျာလား
လေးချိုး ကဗျာလား
သွေးနီး ကဗျာလား
ဘာလား ညာလား

ရှာမများဘူး
ကျွန်တော်ဟာ တောသား
ရင်ထဲမှာ ခံစားရလျှင်တော့
ရိုးသားစွာ ဇာမခဲ့ပါဘူး
(ဆရာတို့ရယ်)
ကြိုးစားကာ ကဗျာဖွဲ့။ ။

❖ ❖ ❖ ❖

## အိပ်မက်တစ်ရာ (၇)

အိပ်မက်တစ်ရာ၊ ဝေဒနာကို
ရင်မှာတိမ်းဝှက်၊ အသိမ်းခက်၍
ခွန်းမြွက်လေကာ၊ ဖွဲ့ချင်ပါလည်း
ကာရန်အလှ၊ ရှာမရ၍
ဆွံ့အ,နေခဲ့ ပြန်တကာ။ ။

# သက်သေ

- သူမသိစေ
  ရှိပါစေတော့။

- သူ မမြင်စေ
  ထင်ပါစေတော့။

- သူ မကြားစေ
  ထားပါစေတော့။

- ရင်နှင့်ဝေဖြာ၊ စေတနာကို
  ကိုယ်သာအသိ၊ ကြည်နူးမိ
  ပီတိပန်းတို့ တာဝေဝေ။ ။

❖ ❖ ❖ ❖

# မုတ်သုံခေါ်သံ

နွေတံလှပ်အောက်၊ သွေ့ခြောက်သသယောင်း
သဲချောင်းဖြူလွ၊ ပူလွန်းစွလေ
ရေစ မမြင်၊ ညှိုးနိုပ်ဆင်လည်း
ရင်ခွင်သစ်ပို၊ မုတ်သုံနှိုးသော်
ပြိုးပြိုင်မိုးရေစီး၊ တေးနွဲ့ ညည်းလျက်
ခရီးတစ်ဖန် လှလိမ့်မည်။

လောကစံနွေ၊ ဒေါမာန်ခြွေ၍
ညှိုးကြွေခွေလျ၊ နွေဘဝယ်
ရင်မှသည်စမ်း၊ သွေ့ခြောက်ခန်းခဲ့
နွမ်းနိုပ်ပြေနိုး၊ မုတ်သုံမိုးရယ်
ပြိုးပြိုးစွေရွာ၊ ရင်ထဲလာ၍
ဘယ်ခါ အလှ ဆင်မည်နည်း။ ။

## မောင်ကောက်

ဂ၊ သူ့အမည် မောင်ကောက်
လူပျိုပေါက် ရှိရာပြီ။
ပြုံးယောင်ယောင် မျက်နှာပေးနဲ့
အေးဆေးလှသည်။
ဦးနှောက်က စံမီ
ဉာဏ်ရည်မှာ သုည။
အတိတ်ကံ ကြုံခဲ့လို့
နံ့နဲ့ ရာရ။

ဂ၊ အလှူအိမ် ရေခပ်တော့
မနေ့တစ် သူရောက်လာ
ဝိုင်းဝန်း ညီညာ။
လုပ်အားနဲ့ ဝင်ပါ
ခင်စရာ မောင်ကောက်။
စေတနာ သူ့ရင်ထဲ
ကဲလို့ လျှံမောက်။

၍ မောင်ကောက်ရေ ခဏလောက်
အိမ်ပေါက်က လှမ်းလို့ခေါ်။
နိုင်းရာရာ သူမငြင်း
မပျင်း သူပျော်။
ငွေစလေး ရရှာသော်
ပြစရာ မော်မဆုံ။
သူ့ဘဝ သူကျေနပ်
မြတ်တဲ့နလုံး။

၍ မောင်ကောက်လေး သူခများ
စံမမီ ဉာဏ်ရည် မပြည့်ပေမယ့်
ရှိခဲ့စေတနာ။
သနားမှု ကရုဏာ
ပြုရှာကြ အများ။
သူ့အမည် ပညတ်များ
မှားခဲ့လေလော။ ။

❖ ❖ ❖ ❖

# အရှိတရား

ဪ ငါမမွေးမီ
အတိအတော၊ ရှေးပဝေက
ဤမြေကမ္ဘာ၊ ရှိနှင့်လာ၏။

ဪ မင်းမမွေးခင်
ရှေးအသင်္ချေ၊ ကပ်ကမ္ဘာက
ဤမြေတည်ပွဲ့ ရှိနှင့်ခဲ့၏။

ဪ ငါမရှိလည်း
ရှိဦးမည်မှာ၊ ဤကမ္ဘာတည်း။

ဪ မင်းမရှိလည်း
ရှိဦးမည်ပေ၊ ကမ္ဘာမြေတည်း။

ဪ ငါတို့တစ်တွေ၊ မရှိပေလည်း
ဤမြေကမ္ဘာ၊ ရှိနေမှာက
သေချာပါတိ သူငယ်ချင်း။ ။

# လျှောက်လှမ်းရှင်သန် ဘဝမှန်

- ဖဝါးအောက်ဝယ်
  ကျောက်ခဲမှုထင်၊ မပြေပြစ်မှ
  စိတ်ညစ်ရှုတ်ချ၊ သည်လမ်းမ။

- လျှောက်သည့်လမ်းမှာ
  ဖြောင့်တန်းမရောက်၊ ကွေ့လိမ်ကောက်မှ
  ထောက်ပြလက်ညှိုး၊ သည်လမ်းဆိုး။

- လာသည့်လမ်းမှာ
  ဆူးပန်းမြောက်ရိုင်း။ ချုံနွယ်သိုင်းမှ
  စိတ်တိုင်းမတွေ့၊ သည်လမ်းကွေ့။

- သွားသည့်လမ်းမှာ
  စိမ့်စမ်းနွံ့ဗွက်၊ လှမ်းရခက်မှ
  စိတ်ပျက်ငြင်ငြီး၊ သည်လမ်းအို။

- အမှန်ဆိုသော်၊ ဤလမ်းပေါ်သို့
  ခေါ်ဝင်သည့်လည်း။ မရှိဘဲနှင့်

အားခဲလျှောက်လာ၊ တစ်ယောက်ငါ
ငါပင်ရွေးချယ်၊ သည်လမ်းသွယ်
သည်ဝယ်သည်လမ်း။ ဘယ်သို့ပန်း
ကြမ်းကြမ်းနှုန်း၊ ဘယ်မမှု
အန်တုလက်ခံ၊ ဘဝမှန်
ရုန်းကန်ရမည် သာတကား။ ။

❖ ❖ ❖ ❖

# ချစ်သောကဗျာ

၍ တိမ်ထဲမှာ ကဗျာ
ပျံလာတဲ့ ငှက်ကလေး။
လေဆန်မှာ တောင်ပံဝင့်
မိုးမြင့် အဝေး။

၍ ရေထဲမှာ ကဗျာ
ကူးလာတဲ့ ငါးကလေး။
ခုန်ပျံကာ လှိုင်းနှီး
ခရီးဆန့်သေး။

၍ ရင်ထဲမှာ ကဗျာ
ကာရန်က ချိုအေး။
အလင်္ကာ သံသာနဲ့ရယ်က
တေးဖွဲ့သီ ရင်ခွင်နဲ့
ပျံ့ပြီကွဲ့လေး။ ။

❖ ❖ ❖ ❖

## ရေခံမြေခံ ဘဝမှန်

ရေမှုတ်တစ်ရိုး၊ သောက်ယူချိုး၍
ညှိုးရိပ်ပြေစင်၊ အားသစ်ဝင်ခဲ့။

ဆန်ဖြူတစ်ဆုပ်၊ ကြိုချက်ပြုတ်၍
ဝမ်းကြွတ်အရှုမှု၊ အဆာပြေခဲ့။

လမ်းလေးမှန်မှား၊ စမ်းလျှောက်သွား၍
ကျော်လွှားကွေ့ကောက်၊ ခရီးရောက်ခဲ့။

ရေကြည်လည်းလျှံ၊ ဆန်အိုးလည်းပြည့်
ကြည့်လေမြင်ဦး၊ လမ်းတို့ဖြူလျက်
ကြည်နူးရိပ်ဖြာ၊ သည်နေ့ခါဝယ်
လာခဲ့ရေးရေး၊ ဟိုအဝေးက
ရေအေးတစ်မှုတ်၊ ဆန်တစ်ဆုပ်နှင့်
သေးနုပ်မှိန်မှေး၊ လမ်းကလေးတို့
ကျေးဇူးဂုဏ်မြဲ အောက်မေ့လှ၏
ခဏထိုနိုက်၊ သတိစိုက်ခဲ့
မြေနှင့်ငါမြဲ မြဲသည်ကို။ ။

❖ ❖ ❖ ❖

## အိပ်မက်တစ်ရာ ရွှေကဗျာ

စိတ်အနာ ခဝါချပါလို့
ကဗျာအလှ ကာရန်စီ။

အိပ်မက်တွေ ခါခါမက်
မျှော်လင့်ရက်ရှည်။

တစ်မိုးသောက် ပန်းနေခြည်
ဆမ်းလေပြီ ရွှေအတိ။

ကဗျာမြေ ရွှေတလင်းမှာ
ဝင်းဝင်းအိအိ။ ။